# မောင်တောမြို့နယ်

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်

## ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ။




FROM THE AMERICAN PEOPLE

IDM-RAND

Rakhine State

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ. . . . . . . . . . . . . . . . ၉

အခန်း (၁). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀

နိဒါန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀

၁. ၁ နောက်ခံသမိုင်းကြောင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀

၁. ၂ စီမံချက်ရေးဆွဲရေး ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်. . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁

အခန်း (၂). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

မောင်တော မြို့နယ်ဆိုင်ရာ အချက်အလက်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၁ တည်နေရာအကျယ်အဝန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၂ နယ်နမိတ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၃ အုပ်ချုပ်ရေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၄ ပင်လယ်နှင့်ရေမျက်နှာပြင်အမြင့်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၂. ၅ ရာသီဥတု. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၂. ၆ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ. . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၂. ၇ သဘာဝပေါက်ပင်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၂. ၈ လူဦးရေ နှင့်နေထိုင်မှုပုံစံ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၂. ၉ အခြေခံပညာရေးနှင့် စာတတ်မြောက်မှုနှုန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၂. ၁၀ ကျန်းမာရေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၂. ၁၁ စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၂. ၁၂ စိုက်ပျိုးရေးလုပ်ငန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၂. ၁၃ မြေအသုံးချမှု. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၂. ၁၄ မွေးမြူရေးလုပ်ငန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၀

၂. ၁၅ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၀

အခန်း (၃). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်. . . . . . . . . . . . . . . . . . . ၂၁

၃. ၁ ဆန်းစစ်ဆောင်ရွက်ပုံနည်းစနစ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၂

၃. ၂ သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်အညွှန်း. . . . . . . . . . . . . ၂၄

၃. ၃ အန္တရာယ်ကျရောက်နိုင်ခြေဆန်းစစ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၃. ၁ ဆိုင်ကလုန်း မုန်တိုင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၅

၃. ၃. ၁. ၁ လေတိုက်ခတ်နှုန်း ၁နာရီမိုင်(၅၀-၁၀၀) အကြား. . . . . . . . . . . . . . . . . . . . . . . . . . ၂၆

၃. ၃. ၁. ၂ လေတိုက်ခတ်နှုန်း ၁နာရီ မိုင်(၁၀၀) နှင့်အထက်. . . . . . . . . . . . . . . . . . . . . . . . . ၂၉

၃. ၄ မြို့ပြနှင့် ကျေးလက်/တောမီးဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၁

၃. ၅ ငလျင်ဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၃

၃. ၆ လေဆင်နှာမောင်း (သို့မဟုတ်) လေပြင်းတိုက်ခတ်မှု. . . . . . . . . . . . . . . . . . . . . . . . . . . ၃၆

၃. ၇ ရေကြီးခြင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈

၃. ၈ ကမ်းပါးပြိုခြင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁

၃. ၉ ထိခိုက်ခံရလွယ်မှုအား အကဲဖြတ်ဆန်းစစ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄

၃. ၉. ၁ ဆိုင်ကလုန်းမုန်တိုင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၅

၃. ၉. ၂ မြို့ပြနှင့်ကျေးလက်/တောမီးဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉

၃. ၉. ၃ ငလျင်ဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၁

၃. ၉. ၄ လေဆင်နှာမောင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၃

၃. ၉. ၅ ရေကြီးခြင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၅

၃. ၉. ၆ ကမ်းပါးပြိုခြင်းဘေး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇

၃. ၁၀ စွမ်းဆောင်ရည်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉

၃. ၁၀. ၁ အစိုးရ၏ စွမ်းဆောင်ရည်အညွှန်းကိန်း အစိတ်အပိုင်း (HFA). . . . . . . . . . . . . . . . . . . ၅၉

၃. ၁၀. ၂ ရပ်ရွာလူထု၏ ကြိုတင်ပြင်ဆင်မှုစွမ်းဆောင်ရည် (ကျေးရွာအုပ်စု). . . . . . . . . . . . . . . . . ၆၀

၃. ၁၀. ၃ မောင်တောမြို့နယ်၏ HFA စွမ်းဆောင်ရည်. . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁

၃. ၁၀. ၄ ရပ်ရွာလူထုကြိုတင်ပြင်ဆင်မှုစွမ်းရည် (ကျေးရွာအုပ်စု). . . . . . . . . . . . . . . . . . . . . . . ၆၂

၃. ၁၁ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက် ( Risk Assessment). . . . . . . . . . . . . . . . . . . . ၆၅

၃. ၁၁. ၁ အန္တရာယ်အဆင့်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၅

အခန်း (၄). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၃

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဖွဲ့စည်းထားရှိမှု. . . . . . . . . . . . . . . . . . . . . . . . . . . . ၇၃

၄. ၁ မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်များဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းထားရှိမှု. . . . . . . ၇၃

၄. ၂ မောင်တောမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ. . . . . . . . . . . . . . . . . . . . . ၇၄

၄. ၂. ၁ မောင်တောမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီဖွဲ့စည်းထားရှိမှု. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၅

၄. ၃ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများ၏တာဝန်နှင့် ဝတ္တရားများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၉

၄. ၃. ၁. မောင်တောမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ. . . . . ၇၉

၄. ၃. ၂ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဆပ်ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ. . . ၈၁

အခန်း(၅). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈၉

သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအစီအမံများ. . . . . . . . . . . . . . . . . . . ၈၉

၅. ၁ မောင်တောမြို့နယ် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်. . . . . . . . . . . . . . . . . . . . . . . . . . . . ၈၉

၅. ၂ မောင်တောမြို့နယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များ. . . . . . . . . . . . . . . . . . . . . . . . . . . . ၉၁

၅. ၃ မောင်တောမြို့နယ် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များ. . . . . . . . . . . . . . . . . . . . . . . . ၉၃

အခန်း (၆). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉၆

စီမံချက်ကိုစောင့်ကြည့်စစ်ဆေးခြင်း၊ သုံးသပ်ခြင်းနှင့်ဖြည့်စွက် ပြင်ဆင်ခြင်း. . . . . . . . . . . . . . . . . . . . . ၉၆

၆. ၁ စောင့်ကြည့်စစ်ဆေးခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉၆

၆. ၂ စီမံချက်ပြန်လည်သုံးသပ်ခြင်းနှင့်ဖြည့်စွက်ပြင်ဆင်ခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . ၉၈

၆. ၂. ၁ စီမံချက်ကိုအကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်မည့် အဟန့်အတားများ. . . . . . . . . . . . . ၉၉

၆. ၃ နိဂုံး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၀

နောက်ဆက်တွဲ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၁

နောက်ဆက်တွဲ (၁) မောင်တောမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရေးမှူး/ ခေတ္တအုပ်ချုပ်ရေးမှူးများအမည်၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များစာရင်း. . . . . . . . . . . . . . . . . . . . . . . . ၁၀၁

နောက်ဆက်တွဲ (၂) မောင်တောမြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု အသက်(၁၈)နှစ် အထက်/အောက် လူဦးရေစာရင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၇

နောက်ဆက်တွဲ (၃) မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ. . . . . . . . . . ၁၂၉

နောက်ဆက်တွဲ (၄) ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၁

နောက်ဆက်တွဲ (၅) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း သက်ရောက်နိုင်ခြေပြဇယား (မိုင်၅၀-၁၀၀ကြား) ဖြစ်စဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၃

နောက်ဆက်တွဲ (၆) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း သက်ရောက်နိုင်ခြေပြဇယား (မိုင်၁၀၀အထက်) ဖြစ်စဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၈

နောက်ဆက်တွဲ (၇) ကျေးရွာအုပ်စုအလိုက် မီးဘေး သက်ရောက်နိုင်ခြေပြဇယား. . . . . . . . . . . . . . . . . ၁၄၂

နောက်ဆက်တွဲ (၈) ကျေးရွာအုပ်စုအလိုက် ငလျင်ဘေး သက်ရောက်နိုင်ခြေပြဇယား. . . . . . . . . . . . . . . ၁၄၅

နောက်ဆက်တွဲ (၉) ကျေးရွာအုပ်စုအလိုက် လေဆင်နှာမောင်း သက်ရောက်နိုင်ခြေပြဇယား. . . . . . . . . . . ၁၄၈

နောက်ဆက်တွဲ (၁၀) ကျေးရွာအုပ်စုအလိုက်ရေကြီးခြင်းဘေး သက်ရောက်နိုင်ခြေပြဇယား. . . . . . . . . . . . ၁၅၁

နောက်ဆက်တွဲ (၁၁) ကျေးရွာအုပ်စုအလိုက်ကမ်းပါးပြိုခြင်းဘေး သက်ရောက်နိုင်ခြေပြဇယား . . . . . . . . . ၁၅၆

နောက်ဆက်တွဲ (၁၂) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း ထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား မိုင်(၅၀-၁၀၀) အတွင်းဖြစ်စဉ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၈

နောက်ဆက်တွဲ (၁၃) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း ထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား မိုင်(၁၀၀) အတွင်းဖြစ်စဉ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၃

နောက်ဆက်တွဲ (၁၄) ကျေးရွာအုပ်စုအလိုက် မီးဘေးထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား. . . . . . . . . . . ၁၆၈

နောက်ဆက်တွဲ (၁၅) ကျေးရွာအုပ်စုအလိုက် ငလျင်ဘေးထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား. . . . . . . . . ၁၇၂

နောက်ဆက်တွဲ (၁၆) ကျေးရွာအုပ်စုအလိုက် လေဆင်နှာမောင်းဘေး ထိခိုက်ခံရလွယ်မှုအခြေအနေပြ ဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၆

နောက်ဆက်တွဲ (၁၇) ကျေးရွာအုပ်စုအလိုက် ရေကြီးခြင်းဘေးထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား. . . . . . ၁၈၀

နောက်ဆက်တွဲ (၁၈) ကျေးရွာအုပ်စုအလိုက် ကမ်းပါးပြိုခြင်းဘေးထိခိုက်ခံရလွယ်မှုအခြေအနေပြဇယား. . . ၁၈၅

နောက်ဆက်တွဲ (၁၉) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း မိုင်(၅၀-၁၀၀) အတွင်း ထိခိုက်ဆုံးရှုံးနိုင်ခြေပြ ဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉၀

နောက်ဆက်တွဲ (၂၀) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်းမိုင် (၁၀၀) အတွင်းထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . ၁၉၃

နောက်ဆက်တွဲ (၂၁) ကျေးရွာအုပ်စုအလိုက်မီးဘေးထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . . . . . . . . . . ၁၉၆

နောက်ဆက်တွဲ (၂၂)ကျေးရွာအုပ်စုအလိုက်ငလျင်ဘေးထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . . . . . . . . ၁၉၉

နောက်ဆက်တွဲ (၂၃) ကျေးရွာအုပ်စုအလိုက်လေဆင်နှာမောင်းဘေးထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . ၂၀၂

နောက်ဆက်တွဲ (၂၄) ကျေးရွာအုပ်စုအလိုက် ရေကြီးခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . . . . ၂၀၅
နောက်ဆက်တွဲ (၂၅) ကျေးရွာအုပ်စုအလိုက်ကမ်းပါးပြိုခြင်းဘေးထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . . . ၂၀၈
နောက်ဆက်တွဲ (၂၆) ကျေးရွာအုပ်စုအလိုက် ထိခိုက်ဆုံးရှုံးနိုင်ခြေပြဇယား. . . . . . . . . . . . . . . . . . . . . ၂၁၁
အကိုးအကားများ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁၅

## ပုံများ

ပုံ (၁) မောင်တောမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄
ပုံ (၂) မောင်တောမြို့နယ် တည်နေရာပြမြေပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆
ပုံ (၃) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ပြုလုပ်မှုအဆင့်ဆင့် . . . . . ၂၃
ပုံ (၄) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ (လေတိုက်နှုန်း ၁ နာရီ မိုင် ၅၀-၁၀၀ ကြား) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈
ပုံ (၅) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ (လေတိုက်နှုန်း ၁ နာရီ မိုင် ၁၀၀ အထက်). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၀
ပုံ (၆) မောင်တောမြို့နယ်၏ မြို့ပြနှင့် ကျေးလက်/တောမီးဘေး ကျရောက်နိုင်ခြေပြမြေပုံ . . . . . . . . . . . . ၃၂
ပုံ (၇) မောင်တောမြို့နယ်၏ ငလျင်ဘေးကျရောက်နိုင်ခြေပြမြေပုံ . . . . . . . . . . . . . . . . . . . . . . . . . ၃၅
ပုံ (၈) မောင်တောမြို့နယ်၏ လေဆင်နှာမောင်းဘေး ကျရောက်နိုင်ခြေပြ မြေပုံ . . . . . . . . . . . . . . . . . . ၃၇
ပုံ (၉) မောင်တောမြို့နယ်၏ ရေကြီးခြင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ. . . . . . . . . . . . . . . . . . . . . . ၄၀
ပုံ (၁၀) မောင်တောမြို့နယ်၏ မြစ်၏ကွေ့ကောက်သွားသောပုံစံ (သို့မဟုတ်) ပုံမှန်မဟုတ်သော အနေအထားထက် ပြောင်းလဲမှုများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁
ပုံ (၁၁) မောင်တောမြို့နယ်၏ ကမ်းပါးပြိုခြင်းဘေး ကျရောက်နိုင်ခြေပြ မြေပုံ . . . . . . . . . . . . . . . . . . . ၄၃
ပုံ (၁၂) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်း ၁နာရီမိုင် ၅၀နှင့် ၁၀၀ အကြား). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၆
ပုံ (၁၃) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်း ၁နာရီ မိုင် ၁၀၀ အထက်). . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၈
ပုံ (၁၄) မောင်တောမြို့နယ်၏ မြို့ပြနှင့် ကျေးလက်/တောမီးဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ . . . . . . . . . . . ၅၀
ပုံ (၁၅) မောင်တောမြို့နယ်၏ ငလျင်ဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ . . . . . . . . . . . . . . . . . . . . . . . ၅၂
ပုံ (၁၆) မောင်တောမြို့နယ်၏ လေဆင်နှာမောင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ . . . . . . . . . . . . . . . . . ၅၄

ပုံ (၁၇) မောင်တောမြို့နယ်၏ ရေကြီးခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ ..................... ၅၆

ပုံ (၁၈) မောင်တောမြို့နယ်၏ ကမ်းပါးပြိုခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ ..................... ၅၈

ပုံ (၁၉) မောင်တောမြို့နယ်၏ စွမ်းဆောင်ရည်ပြ မြေပုံ.............................. ၆၄

ပုံ (၂၀) မောင်တောမြို့နယ် ဆိုင်ကလုန်းမုန်တိုင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၅၀ - ၁၀၀ ကြား) ................................................................ ၆၆

ပုံ (၂၁) မောင်တောမြို့နယ် ဆိုင်ကလုန်းမုန်တိုင်းဘေးထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၁၀၀အထက်). ၆၇

ပုံ (၂၂) မောင်တောမြို့နယ် မြို့ပြနှင့်ကျေးလက်/တောမီးဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ............ ၆၈

ပုံ (၂၃) မောင်တောမြို့နယ် ငလျင်ဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ ......................... ၆၉

ပုံ (၂၄) မောင်တောမြို့နယ် လေဆင်နှာမောင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ.................. ၇၀

ပုံ (၂၅) မောင်တောမြို့နယ် ရေကြီးခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ....................... ၇၁

ပုံ (၂၆) မောင်တောမြို့နယ် ကမ်းပါးပြိုခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ..................... ၇၂

ပုံ (၂၇) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပုံ ......................... ၇၄

## ဇယားများ

ဇယား (၁) မောင်တောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း.......................... ၁၄

ဇယား (၂) ဆိုင်ကလုန်းမုန်တိုင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ .................. ၂၆

ဇယား (၃) မြို့ပြနှင့် ကျေးလက်/တောမီးဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ ............. ၃၁

ဇယား (၄) ငလျင်ဘေးဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ............................ ၃၃

ဇယား (၅) လေဆင်နှာမောင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ .................... ၃၆

ဇယား (၆) ရေကြီးခြင်းဘေး ဆန်းစစ်တွက်ချက်မှု အတိုင်းအတာ ......................... ၃၈

ဇယား (၇) ကမ်းပါးပြိုခြင်းဘေး ဆန်းစစ်တွက်ချက်မှု အတိုင်းအတာ ...................... ၄၂

ဇယား (၈) မောင်တောမြို့နယ်၏ HFA စွမ်းဆောင်ရည်ပြဇယား.......................... ၆၁

ဇယား (၉) မောင်တောမြို့နယ်၏ ရပ်ရွာလူထု ကြိုတင်ပြင်ဆင်မှု စွမ်းဆောင်ရည်ပြဇယား ............ ၆၂

ဇယား (၁၀) အန္တရာယ်အမျိုးအစားအလိုက် အဆင့်ရရှိမှု............................. ၆၅

ဤမောင်တောမြို့နယ် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်နှင့် ဒေသဆိုင်ရာ အချက်အလက်များကို တွက်ချက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၇ခုနှစ်မှ ကိန်းဂဏန်းများကို အခြေခံထားပါသည်။

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မောင်တောမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို မောင်တောမြို့နယ်တွင် ၂၀၁၅ ခုနှစ်က ရေးဆွဲထားသော မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံချက်အပေါ် အခြေခံ၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ မြို့နယ်သဘာဝဘေးအန္တရာယ် လုပ်ငန်းစီမံချက်ရေးဆွဲရေး အဖွဲ့ဝင်ဌာနဆိုင်ရာများ ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ၏နည်းပညာပံ့ပိုး ကူညီမှု၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ ပိုမို ပြည့်စုံပြီးသက်ဝင်လှုပ်ရှားမှုရှိသော စီမံချက်ပေါ်လာစေရန် သက်ဆိုင်ရာပါဝင် ပတ်သက်သူများအားလုံး နှင့်ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးခြင်း လိုအပ်သော ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခြင်း၊ အချက်လက်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေး မှူးများမှတဆင့် ကောက်ယူခြင်းနှင့် ပြည်နယ်မိုးလေဝသဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ရယူခြင်း၊ ပြောင်းလဲနေ သောဒေသ၏ လိုအပ်ချက်များနှင့် အရင်းအမြစ်များစသည့် အချက်များပေါ် အခြေခံသော လုပ်ငန်းစဉ်များဖြင့် စီမံ ချက်ကို အားဖြည့်ရေးဆွဲ ထားသည်။

ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် ဤမြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုလုပ်ငန်း စီမံချက်ကိုရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနများအဖွဲ့ အစည်းများ အားလုံး ကိုများစွာကျေးဇူး တင်ရှိကြောင်း ပြောကြားလိုပါသည်။ ဤစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ်ပုံနှိပ်ထုတ် ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/OFDA ကိုလည်းများစွာ ကျေးဇူးတင်ရှိပါသည်။

ဤမောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို မြို့နယ်အတွင်းကျရောက် နိုင် ခြေများသည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်သောထိခိုက် ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ကို ပြုလုပ်ထားရှိပြီး၊ မြို့နယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ထိရောက်သောတုံ့ပြန်ခြင်းမှသည် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းလုပ်ငန်းစဉ်များတွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာများကို ထည့်သွင်းစဉ်းစားနိုင်ရန် ဖော်ထုတ်ဆွေး နွေးထားသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းသည် အလားတူမြို့နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကိုရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ သံတွဲ၊ ပေါက်တော၊ မြေပုံ၊ မင်း ပြား၊ မြောက်ဦးနှင့် မောင်တောမြို့နယ်များအပြင်၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲနိုင် ရေးအတွက် အကူအညီတောင်းခံပါက ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသောဌာနဆိုင်ရာများ၊ အဖွဲ့စည်းများနှင့် ငွေကြေးအထောက်အကူညီများမရရှိပါက စီမံချက် စာအုပ်သည် အောင်အောင်မြင်မြင်ထွက်ပေါ်လာနိုင်မည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သောအကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း- အိုင်အိုအမ်
UN Migration Agency

## မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တောမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် အရသော်လည်းကောင်း ဆိုင်ကလုန်းမုန်းတိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မြေပြိုခြင်းဘေး၊ ကမ်းပါးပြိုခြင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေးနှင့် ရေကြီးခြင်းဘေး (မိုးများခြင်းနှင့် ပင်လယ်ပြင်ထူးကဲ ဒီရေတက်ခြင်း) စသည့်ဘေးအန္တရာယ်အမျိုးမျိုးတို့ ကျရောက်နိုင်ခြေရှိသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ကျရောက်ခဲ့သော ဂီရိဆိုင်ကလုန်မုန်းတိုင်းနှင့် ၂၀၁၅ခုနှစ် ကိုမန်မုန်တိုင်းဒဏ်ကြောင့် ဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်နွယ်ပတ်သက်သူများနှင့် ပေါင်းစပ်ကာ ဖော်ဆောင်နိုင်ရေးအတွက် မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်မှု၊ မောင်တောခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် International Organization for Migration (IOM) (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း) မှ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ ထိုစီမံချက် ရေးဆွဲရာတွင် (အိုင်အိုအမ်)မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ပြီး မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ နှင့် အချိန်ယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံချက်ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။

ဤစီမံချက်ကိုရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးလာပြီး မြို့နယ်အတွင်းမှီတင်း နေထိုင်ကြသော ပြည်သူများနှင့် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦးများကို အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင်မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေး အန္တရာယ်လျော့ပါးရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

ဤစီမံချက်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးစေရေးအတွက် မြို့နယ်အတွင်း ဘေးအန္တရာယ်ကျရောက်ခဲ့ပါက ပြည်သူလူထုကို အဓိကဦးဆောင် လမ်းညွှန်မှုပေးနိုင်ရန် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိခြင်း၊ ၄င်းတို့၏ တာဝန်နှင့်ဝတ္တရားများကို တိတိကျကျ သတ်မှတ်ဖော်ထုတ်ထားခြင်းဖြင့် စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိလာရန်နှင့် ဘေးလျော့ပါးသက်သာစေနိုင်ရန် အကောင်းဆုံးပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွပူးပေါင်းပါဝင်ခဲ့သော မြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် နည်းပညာ ကျွမ်းကျင်မှုများပံ့ပိုးပေးထားသော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း - IOM (International Organization for Magration) နှင့်အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက်သူများအားလုံးနှင့် စီမံချက်ပြန်လည်ရေးဆွဲရာတွင် ငွေကြေးပံ့ပိုးမှုပေးထား သော USAID-OFDA ကိုအထူးပင် ကျေးဇူးတင်ရှိပါသည်။

ဦးမောင်မြလှ (ပ/၄၆၉၅)

ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး
ဦးမောင်မြလှ (ပ/၄၆၉၅)
မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
မောင်တောမြို့

# အခန်း (၁)

# နိဒါန်း

## ၁. ၁ နောက်ခံသမိုင်းကြောင်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများလျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအမံများထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများကို လည်းကောင်းဆိုလိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပထဝီအနေအထားအရ မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်းဘေး၊ မိုးကြိုးဘေးစသည်ဖြင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကျ ရောက်နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် အချိန်အခါ၊ နေရာဒေသမရွေး ကျရောက်တတ်ပါသည်။ အချို့ဘေးအန္တရာယ်များကို မကျရောက်မီ ကြိုတင်ခန့်မှန်း သိရှိနိုင်သော်လည်း အချို့မှာ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိပဲ ရုတ်ချည်းဖြစ်ပေါ် တတ်ပါသည်။

သဘာဝဘေးများကြောင့် အသက်အိုးအိမ်စည်းစိမ်များ၊ အများပိုင်နှင့်ပုဂ္ဂလိက ပိုင်အဆောက်အဦများ၊ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရပ်တန့်ခြင်းနှင့်၊ ဘေးကျရောက်စဉ်ကာလ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေများအသုံးပြုရန် လိုအပ်မှုသည် ဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးလျော့ပါးစေရေး အစီအမံများတွင်အသုံးပြုရခြင်းထက် အဆပေါင်းများစွာ ကုန်ကျသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ယခုအခါ နိုင်ငံတော်အစိုးရမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများဖြစ်သော သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်လျင်မြန်စွာအကောင်အထည်ဖော်ရန် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများကိုပြဋ္ဌာန်းထားသည်။ ထိုဥပဒေတွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်နှင့်ရပ်ရွာအဆင့် အသီးသီးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားရှိသင့်ကြောင်းကို ဖော်ပြထားသည်။

ထို့ကြောင့် မြို့နယ်အဆင့် လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး စနစ်တခုလုံးကို အဓိကပေါင်းစပ်ပေးသည့် အရာတခုဖြစ်သည်။ မြို့နယ်သည် နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်မှသည် ရပ်ရွာအဆင့်အထိ အုပ်ချုပ်ရေးဖွဲ့စည်းပုံကို ဆက်စပ်ပေးပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို လက်တွေ့ကျကျ ချိတ်ဆက်လုပ်ဆောင်ပေးနိုင်သည့် အရေးကြီးသော အရာတခုဖြစ်ပါသည်။

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်၏ ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် မြို့နယ်အတွင်းကျရောက်နိုင်ခြေရှိသော သဘာဝဘေးများနှင့် ထိခိုက်နိုင်ခြေ အချက်အလက်များကို ဖော်

ထုတ်ခြင်းဖြင့် စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်နိုင်မည် ဖြစ်သည်။ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ပြန်လည်မွမ်းမံရေးဆွဲရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အားလုံးပူးပေါင်းပါဝင်နိုင်သော နည်းလမ်းကို အသုံးပြုပြီး ရေးဆွဲထားခြင်းကြောင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ပိုမိုကောင်းမွန်လာစေခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များအားကောင်းစေရုံမျှမက လူမှုစီးပွားရေးကဏ္ဍကိုပါ ဖွံ့ဖြိုးတိုးတက်လာစေပြီး သဘာဝဘေးလျော့ပါးရေးကဏ္ဍကို မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

မောင်တောမြို့နယ်သည် ပထဝီအနေအထားအရ ပင်လယ်နှင့်နီးကပ်စွာတည်ရှိသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မိုးများခြင်းနှင့် တောင်ပြို၊ မြေပြိုခြင်းစသည့် အန္တရာယ်များကြုံတွေ့ရနိုင်ခြေရှိသည့်နည်းတူ အချိန်မရွေးကျရောက်နိုင်သည့် ငလျင်နှင့်ဆူနာမီ ဘေးအန္တရာယ်များလည်း ကျရောက်နိုင်ခြေရှိပါသည်။ ထို့အပြင် မီးဘေးအန္တရာယ်လည်း ကြုံတွေ့ရနိုင်ပါသည်။

မောင်တောမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှုနည်းပါးသည်ထက်နည်းပါးစေရန် ရည်ရွယ်လျက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါကအရေးပေါ် ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကိုစနစ်တကျ၊ အမြန်ဆုံးနှင့်အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **"မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်"** ပြန်လည်သုံးသပ်ရေးဆွဲရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမြို့နယ်ရုံးခွဲ၊ မြို့နယ်အတွင်းလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေသောအခြား အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများပူးပေါင်းပါဝင်ဆွေးနွေးသည့် နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

မောင်တောမြို့နယ်အတွင်း ယခင်ကကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်ကဖြစ်ပွားခဲ့သောသဘာဝဘေးအန္တရာယ်များနှင့်၎င်းတို့၏ သက်ရောက်မှုများ အပေါ်အခြေခံလျက် မြို့နယ်အတွင်းသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှု အခြေအနေနှင့် မြို့နယ်အတွင်း ရရှိနိုင်သော အရင်းအမြစ်များစသည် တို့ကိုလည်း ဖော်ထုတ်သတ် မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်း ရေးဆွဲထားပါသည်။

## ၁.၂ စီမံချက်ရေးဆွဲရေး ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်

### ရည်ရွယ်ချက်

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲရခြင်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များပါဝင်သည်။

- မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းဖြင့် ဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းကဏ္ဍများကို စီမံခန့်ခွဲမှုကော်မတီနှင့်ဆပ်ကော်မတီတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးလျော့ပါးရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း ခိုလှုံရာနေရာများကိုလေ့လာဆန်းစစ်ချက်များပြုလုပ်၍ ဖော်ထုတ်သတ်မှတ်ရန်။
- အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေနှင့် နည်းဥပဒေများနှင့် အညီပိုမိုပြည့်စုံသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရန်။

- မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းစဉ်များတွင် သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်။

## လုပ်ငန်းစဉ်

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ရေးဆွဲရာတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ကျင့်သုံး သွားခြင်းဖြင့် အားလုံးပူးပေါင်းပါဝင်သော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသော လမ်းစဉ်ကို ကျင့်သုံးသွားမည် ဖြစ်သည်။

- မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက် ရေးဆွဲရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း။
- လက်ရှိရေးဆွဲထားသော စီမံချက်တွင် လိုအပ်ချက်များ၊ အားသာချက်များကို ဖော်ထုတ်ပြီး မြို့နယ်အတွင်း ရှိဒေသဆိုင်ရာ အချက်အလက်များ၊ စွမ်းဆောင်ရည်၊ ထိခိုက်လွယ်မှုများနှင့် လိုက်လျောညီထွေ ဖြစ်အောင် ပိုမိုကောင်းမွန်သော စီမံချက်ကို ဖော်ထုတ်ရေးဆွဲခြင်း။
- မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ အားလုံးပါဝင်သော ကျယ်ပြန့်သော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သောနည်း လမ်းကိုကျင့်သုံးပြုခြင်း။
- မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ရပ်ကျေးနှင့် ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးမှူးများ၏ ပံ့ပိုး မှုဖြင့် မြို့နယ်၏ ကျရောက်နိုင်သောအန္တရာယ်များ၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အချက် အလက် များကို ကောက်ယူစုဆောင်းခြင်း။
- ဖော်ထုတ်ရေးဆွဲထားသော အမျိုးသားအဆင့် သဘာဝဘေးန္တရာယ်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေ (မူကြမ်း) များနှင့် မြို့နယ်၏ လက်တွေ့အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်အညီ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့်ဆပ် ကော်မတီများကို ဖွဲ့စည်းထားရှိခြင်းနှင့် ၄င်းတို့လုပ်ဆောင်ရမည့် တာဝန်နှင့်ဝတ္တရားများ ဖော်ထုတ်သတ်မှတ်ခြင်း။
- မြို့နယ်အတွင်း ကျရောက်နိုင်ခြေများသော အန္တရာယ်ပြမြေပုံနှင့် ခိုလှုံရာနေရာပြမြေပုံ ဖော်ထုတ်ရေးဆွဲ ခြင်း။
- ဖော်ထုတ်ရေးဆွဲပြီးသော စီမံချက်အသစ်ကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီ ဝင်များနှင့် ဆွေးနွေးအတည်ပြုချက်ရယူရန်။
- အတည်ပြုပြီးသော စီမံချက်ကို စာအုပ်ထုတ်ဝေပြီး ပေးအပ်ပွဲကျင်းပခြင်း တို့ဖြစ်သည်။

# အခန်း (၂)

## မောင်တော မြို့နယ်ဆိုင်ရာ အချက်အလက်များ

### ၂.၁ တည်နေရာအကျယ်အဝန်း

မောင်တောမြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးမြို့ဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် တည်ရှိပါသည်။ မောင်တောမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီနှင့် ၄၆ ဒီဂရီကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ (၅၈၅. ၉၂) စတုရန်းမိုင်ကျယ်ဝန်းသည်။ တောင်မြောက် (၇၂) မိုင်နှင့် အရှေ့အနောက် (၈. ၁၄) မိုင်ရှိပါသည်။

### ၂.၂ နယ်နမိတ်

မောင်တောမြို့နယ်၏ အရှေ့ဘက်တွင် ဘူးသီးတောင်မြို့၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နတ်မြစ်၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ဆက်စပ်တည်ရှိပါသည်။ မောင်တောမြို့နယ် အနောက်ဘက်နှင့် မြောက်ဘက်တွင် တစ်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နတ်မြစ်ရေမိုင် (၄၁) မိုင်၊ ကုန်းမိုင် (၄၂)မိုင် စုစုပေါင်း (၈၃) မိုင်ခန့် နယ်စပ်ထိစပ်လျှက်ရှိပါသည်။ မောင်တောမြို့နယ်၏တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျှက်ရှိရာ ကမ်းရိုးတန်း (၂၅) မိုင်အရှည် တည်ရှိပြီး ရသေ့တောင်မြို့နယ်နှင့် ကုန်းပိုင်း (၁၂) မိုင်ခန့် ထိစပ်တည်ရှိပါသည်။ အရှေ့ဘက်တွင် ဘူးသီးတောင်မြို့နယ်နှင့် (၆၃) မိုင်ခန့် ထိစပ်တည်ရှိပါသည်။

### ၂.၃ အုပ်ချုပ်ရေး

မောင်တောမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၇)မြို့နယ်အနက် မောင်တောခရိုင် အတွင်းတွင် တည်ရှိသောမြို့တစ်မြို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူ ဆောင်ရွက်ပါသည်။ မောင်တောမြို့နယ်တွင် ရပ်ကွက် (၂၄) ရပ်ကွက်နှင့်ကျေး ရွာအုပ်စု (၉၆) အုပ်စုတို့ဖြင့်ဖွဲ့စည်းထားပါသည်။ စုစုပေါင်းကျေးရွာ (၃၆၄)ရွာ ရှိပါသည်။

ပုံ (၁) မောင်တောမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု




မောင်တောမြို့နယ်အတွင်း နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းများပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများကို ဖွဲ့စည်းထားပါသည်။ မောင်တောမြို့နယ်အတွင်း မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသောအစိုးရဌာန (၄၆) ဌာနရှိပါသည်။ ထို့အပြင် မြို့နယ်လုံခြုံရေးနှင့် ကာကွယ်ရေးတို့အတွက် တရားဥပဒေ စိုးမိုးရေးနယ်ခြားစောင့်များ၊မြို့နယ်ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ ယဉ်ထိန်းတပ်ဖွဲ့များမှ ကာကွယ်ပေးလျက်ရှိပါသည်။

ဇယား (၁) မောင်တောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း

| စဉ် | ဝန်ကြီးဌာန | ဌာန |
|---|---|---|
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲသတင်းတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၄၆)၊ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ |
| ၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | လမ်းဦးစီးဌာန |
| ၃ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန |

| | | |
|---|---|---|
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| ၅ | အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန | ပြည်သူ့ကျန်းမာရေးဦးစီးဌာနကုသရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန |
| ၆ | စည်ပင်သာယာ ရေးဝန်ကော်မတီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၇ | ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန | မြန်မာ့စာတိုက်လုပ်ငန်း၊ ကြေးနန်းနှင့်စာတိုက်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောဦးစီးဌာန |
| ၉ | ပညာရေးဝန်ကြီးဌာန | မြို့နယ်ပညာရေးမှူးရုံး |
| ၁၀ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန် ဦးစီးဌာန |
| ၁၁ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | မြို့နယ်ဥပဒေရုံး |
| ၁၂ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ပြည်သူအင်အားဆိုင်ရာ |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | စားသုံးသူနှင့်ကုန်သွယ်မှုမြင့်တင်ရေးဦးစီးဌာန |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | မြို့နယ်စာရင်းစစ်ရုံး |
| ၁၅ | ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး | မြို့နယ်တရားရုံး |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန | သာသနာတော်ထွန်းကားဖြန့်ဖြူးရေးဦးစီးဌာန |
| ၁၇ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| ၁၈ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

## ပုံ (၂) မောင်တောမြို့နယ် တည်နေရာပြမြေပုံ



## ၂. ၄ ပင်လယ်နှင့်ရေမျက်နှာပြင်အမြင့်

မောင်တောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ပျမ်းမျှ (၁၀) ပေတွင်ရှိပြီး မြို့နယ်အရှေ့ဘက်တွင် မေယုတောင်တန်းရှိကာ အမြင့်ဆုံးတောင်မှာ မင်္ဂလာကြီးတောင်ဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၁၀၀၀) ခန့်မြင့်ပါသည်။ မြို့၏အနိမ့်ဆုံးအရပ်ဒေသမှာ မြို့နယ်၏ အလယ်ပိုင်းလွင်ပြင်ဖြစ်ပါသည်။

## ၂. ၅ ရာသီဥတု

မောင်တောမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၈) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၉) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်အပူချိန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ အမြင့်ဆုံး (ဒီဂရီစင်တီဂရိတ်) | ဆောင်းရာသီ အနိမ့်ဆုံး (ဒီဂရီစင်တီဂရိတ်) |
| ၁ | ၂၀၀၈ | ၁၂၁ | ၂၁၅. ၅၄ | ၃၇. ၄ | ၀၉. ၄ |
| ၂ | ၂၀၀၉ | ၁၀၇ | ၁၅၈. ၂၃ | ၃၇. ၃ | ၀၉. ၈ |
| ၃ | ၂၀၁၀ | ၁၂၁ | ၁၆၇. ၄၁ | ၃၇. ၅ | ၁၀. ၁ |
| ၄ | ၂၀၁၁ | ၁၁၈ | ၂၂၃. ၂၄ | ၃၈. ၅ | ၀၉. ၅ |
| ၅ | ၂၀၁၂ | ၁၀၇ | ၁၈၀. ၅၅ | ၃၈. ၅ | ၀၈. ၅ |
| ၆ | ၂၀၁၃ | ၉၂ | ၁၅၇. ၇၆ | ၃၈. ၅ | ၀၈. ၁ |

(ရင်းမြစ်-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန)

## ၂. ၆ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

မောင်တောမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီရေတောများစိုက်ပျိုးခြင်း၊ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပပြီး သစ်ပင်များစိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းထူထောင်ခြင်း၊ တစ်အိမ်ထောင် ကျွန်း (၃) ပင်၊ သစ်မာ (၂၀)ပင်၊ တစ်ရွာတစ်ဧက စိုက်ပျိုးခြင်းတို့ကို နှစ်စဉ်စိုက်ပျိုးဆောက်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူများသို့ ပညာပေးပြု လုပ်ခြင်းတို့ကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## ၂. ၇. သဘာဝပေါက်ပင်များ

ပျဉ်းကတိုး၊ ကညင်၊ သစ်ဖြူတော၊ သရက်တော၊ သစ်ကနက်၊ ထောက်ကြန့်၊ ဒီဖူး၊ လက်ပံ၊ ဝါး၊ သင်းဝင်စသည်တို့ ဖြစ်ပါသည်။

## ၂. ၈ လူဦးရေ နှင့်နေထိုင်မှုပုံစံ

မောင်တောမြို့နယ်တွင် စုစုပေါင်းလူဦးရေ(၁၀၇၂၇၃)ရှိပြီး၊ အိမ်ထောင်စုပေါင်း(၁၄၁၂၉) မှီတင်းနေထိုင်လျက်ရှိပါသည်။ စုစုပေါင်းအိမ်ခြေ(၃၁၂၀၉)လုံးရှိပါသည်။ ကျေးရွာအုပ်စုပေါင်း(၉၆)အုပ်စုနှင့် ကျေးရွာပေါင်း(၃၆၄)ရွာရှိပြီး မြို့ပေါ်ရပ်ကွက်(၂၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားလျက်ရှိပါသည်။

### (က)အိမ်ခြေ/အိမ်ထောင်စု (၂၀၁၇-၂၀၁၈)

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၆၆၂၅ | ၄၅၅၆ | ၂၄ | - | - |
| | ကျေးလက်နေ | ၂၄၉၈၄ | ၉၅၇၃ | - | ၉၆ | ၃၆၄ |
| | မြို့နယ်ချုပ် | ၃၁၂၀၉ | ၁၄၁၂၉ | ၂၄ | ၉၆ | ၃၆၄ |

(ရင်းမြစ်- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

### (ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | အသက်(၁၈)နှစ်အထက် | | | အသက်(၁၈)နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၈၀၂၃ | ၉၄၀၃ | ၁၇၄၂၆ | ၈၀၁၆ | ၇၇၃၄ | ၁၅၇၅၀ | ၁၆၀၃၉ | ၁၇၁၃၇ | ၃၃၁၇၆ |
| ၂ | ကျေးလက်နေ | ၁၇၃၈၈ | ၂၀၇၉၁ | ၃၈၁၇၉ | ၁၇၃၉၂ | ၁၈၅၂၄ | ၃၅၉၁၆ | ၃၄၇၈၀ | ၃၉၃၁၇ | ၇၄၀၉၇ |
| | မြို့နယ်ချုပ် | ၂၅၄၁၁ | ၃၀၁၉၄ | ၅၅၆၀၅ | ၂၅၄၀၈ | ၂၆၂၅၈ | ၅၁၆၆၆ | ၅၀၈၁၉ | ၅၆၄၅၂ | ၁၀၇၂၇၃ |

(ရင်းမြစ်- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

## ၂. ၉ အခြေခံပညာရေးနှင့် စာတတ်မြောက်မှုနှုန်း

မောင်တောမြို့နယ်၏ အခြေခံပညာသင်ကြားရေးကို ပညာရေးဝန်ကြီးဌာန၊ မြို့နယ်ပညာ ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပြီး၊ မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံ ပညာအလယ်တန်းကျောင်းများနှင့် ဘုန်းတော်ကြီး ပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အခြေခံပညာမူလတန်းအထိ မသင်မနေရ ပညာရေးစနစ်ကျင့်သုံးလျက်ရှိပြီး ကျောင်းအပ်နှံမှုမှာ ရာနှုန်းပြည့်(၁၀၀)ရာနှုန်းရှိပြီး၊ စာတတ်မြောက်မှုနှုန်းမှာ (၉၀) ရာခိုင်နှုန်းရှိပါသည်။

## ၂. ၁၀ ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကုတင်(၅၀)ခုဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံနှင့် (၁၆)ကုတင်ဆံ့တိုက်နယ်ဆေးရုံ(၄) ရုံရှိပြီး၊ ကျေးလက်ကျန်းမာရေးဌာန (၆)ခုနှင့်ကျေးလက်ကျန်းမာရေးဌာနခွဲ(၅၃)ခု ဖွင့်လှစ်လျက် ရှိပါသည်။ မြို့နယ်တွင်ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါများအဖြစ်များပြီး တီဘီရောဂါနှင့် အသည်းရောင်ရောဂါများလည်း ဖြစ်ပွားတတ်ပါသည်။ အောက်ဖော်ပြပါ ဇယားတွင် မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းအင်အားများ ဖြစ်သည်။ မြို့နယ်အတွင်းနေထိုင်သူလူဦးရေနှင့်နှိုင်းယှဉ်ပါကကျန်းမာရေးဝန်ထမ်း များထပ်မံအားဖြည့်ရန်လိုအပ်ချက်ရှိသည်ကို တွေ့ရပါသည်။

## ၂. ၁၁ စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

မောင်တောမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်းတည်ရှိပြီး ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ပုဇွန်မွေးမြူရေးလုပ်ငန်းတို့ကို အဓိကလုပ်ကိုင်ကြသော မြို့နယ်တစ်ခုဖြစ်သည်။ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသောမြို့နယ်တစ်ခုဖြစ်ပါသည်။ မောင်တောမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့နယ်တစ်ခုဖြစ်ပြီး မြို့နယ်၏ အဓိကထွက်ကုန်မှာ စိုက်ပျိုးသီးနှံနှင့် ငါး၊ ပုဇွန် ဖြစ်ပါသည်။ ဒေသလူဦးရေများပြားသဖြင့် အခြားဒေသ

များသို့ ထုတ်လုပ်ကုန်အဖြစ် တင်ပို့ရောင်းချမှုမပြုလုပ်နိုင်ဘဲ ဒေသအတွင်း စားသုံးရန်အတွက်သာ ထုတ်လုပ်နိုင်ပါသည်။

## ၂. ၁၂ စိုက်ပျိုးရေးလုပ်ငန်း

မောင်တောမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | သီးနှံအမည် | ၂၀၁၇-၂၀၁၈ လျာထားဧက | | ၂၀၁၇-၂၀၁၈ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက်တင်း |
| ၁ | စပါးပေါင်း | နွေ | ၆၉၈၀ | - | - | - | - |
| | | မိုး | ၇၄၇၄၁ | ၇၁၅၅၂ | ၁၇၄၇၇ | ၄၅. ၄၅ | ၇၉၄၂၆၆ |
| ၂ | မြေပဲ | မိုး | ၁၆ | ၁၂၂ | - | - | ၆၄၄ |
| | | ဆောင်း | ၄၃၅၀ | - | - | - | - |
| ၃ | နှမ်း | မိုး | ၁၀၉ | ၈၇ | ၈၇ | ၇. ၄၉ | ၆၅၂ |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | ဆောင်း | ၁၀၃ | - | - | - | - |
| ၅ | မတ်ပဲ | ဆောင်း | ၁၄၆၉ | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၄၂၂ | - | - | - | - |
| ၇ | ပဲစဉ်းငုံ | မိုးဦး | ၆၅ | ၆၂ | ၆၂ | ၁၀. ၁၁ | ၆၂၇ |
| ၈ | ဝါ | | - | - | | | |
| ၉ | ကြံ | | | ၅ | ၅ | ၂၂. ၀၆ | ၁၁၃ |
| ၁၀ | အစေ့ထုတ်ပြောင်း | ဆောင်း | | - | - | - | - |

(ရင်းမြစ်- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

## ၂. ၁၃ မြေအသုံးချမှု

မောင်တောမြို့အတွင်း မြေအမျိုးအစားအလိုက် အသုံးချထားသည့်ဧကမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း | ၇၅၉၇၁ |
| | (က)လယ်မြေဧရိယာ | ၆၄၆၁၉ |
| | (ခ) ယာမြေ | ၆၆၃၂ |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၂၆၈၈ |
| | (င) တောင်ယာမြေ | ၆၁၅ |
| | (စ) ဓနိမြေ | ၁၄၁၇ |
| ၂ | လုပ်ထားမြေဧရိယာ | ၂၆၅၇ |
| ၃ | စားကျက်မြေ | ၁၂၆၅ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ (စက်ရုံမြေ) | ၅ |

| | | |
|---|---|---|
| ၅ | မြို့ရွာ နှင့် အခြားမြေ | - |
| ၆ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၈၇၉၁၁ |
| ၇ | တောရိုင်း | - |
| ၈ | မြေရိုင်း | ၂၁၂၇၅ |
| ၉ | စိုက်ပျိုးခြင်းမပြုနိုင်သော ဧရိယာ | ၁၈၆၈၄၂ |
| | **စုစုပေါင်း** | **၃၇၅၉၂၆** |

(ရင်းမြစ် - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

## ၂. ၁၄ မွေးမြူရေးလုပ်ငန်း

မွေးမြူရေးဇုန်များမရှိပါ။ မောင်တောမြို့နယ်အတွင်း ပုဂ္ဂလိက စိုက်ပျိုးမွေးမြူသူများမှ မွေးမြူထားရှိသည့် တိရိစ္ဆာန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကျွဲ | နွား | ကြက် | ဝက် | ဘဲ | ဆိုး/ဆိတ် |
|---|---|---|---|---|---|---|
| ၁။ | ၂၂၆၇၀ | ၁၂၈၄၆၂ | ၅၇၉၈၉၆ | ၄၂၈၄ | ၃၂၉၂၀ | ၉၅၇၄၅ |

## ၂. ၁၅ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး

မောင်တောမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | မြေသားလမ်း | |
| ၁ | ကညင်တန်း-အင္ဂူမော် | ၃၅မိုင် ၂ ဖာလုံ | ၆မိုင် ၇. ၅ဖာလုံ | ၂၀ မိုင် ၂ ဖာလုံ | ၁မိုင် ၆. ၅ ဖာလုံ | |
| ၂ | ဘူးသီးတောင်-မောင်တော | ၈ မိုင် | ၇ မိုင် ၅. ၅ ဖာလုံ | | | |
| ၃ | တောင်ပြို-ကြိမ်ချောင်း | ၁၅ မိုင် ၃ဖာလုံ | ၁မိုင် ၆. ၂၅ ဖာလုံ | ၈ မိုင် ၇ ဖာလုံ | ၄ မိုင် ၅. ၇၅ဖာလုံ | |
| | မြို့နယ်ချုပ် | ၅၈ မိုင် ၅ဖာလုံ | ၁၆ မိုင် ၂. ၇၅ ဖာလုံ | ၂၉ မိုင် ၁ ဖာလုံ | ၆ မိုင် ၄. ၂၅ ဖာလုံ | |

(ရင်းမြစ်- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

## အခန်း (၃)

## ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ၏ အဓိပ္ပါယ်ဖွင့်ဆိုမှုအရအခြေအနေအရပ်ရပ်ကို အဟန့်အတား ဖြစ်နိုင်ခြေရှိသည့် ဖြစ်စဉ်ဟုဆိုနိုင်ပါသည်။ လူကြောင့်သော်လည်းကောင်း၊ သဘာဝအရသော်လည်းကောင်းဖြစ်ပေါ်သော အန္တရာယ်နှင့်ထိခိုက်ခံရလွယ်မှုတို့၏ အပြန်အလှန် အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော သေကြေဒဏ်ရာရခြင်း၊ ပိုင်ဆိုင်ပစ္စည်းများပျက်စီးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆုံးရှုံးခြင်း၊ စီးပွားရေးလုပ်ငန်းများပျက်စီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နိုင်ခြေကို ဆိုလိုပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်ဆိုသည်မှာ ထိခိုက်ခံရလွယ်မှုရှိနေသော အခြေအနေများနှင့် အန္တရာယ်အမျိုးအစားကို ပိုင်းခြားလေ့လာခြင်းဖြင့် အန္တရာယ်ဖြစ်နိုင်ခြေရှိသောလူများ၊ ပိုင်ဆိုင်မှုများ၊ ဝန်ဆောင်မှုများ အသက်မွေးဝမ်းကျောင်းမှုများနှင့် သဘာဝပတ်ဝန်းကျင်စသည်တို့၏ အခြေအနေကို လေ့လာဆန်းစစ်မှုပြုလုပ်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်နိုင်ရေးအတွက်အန္တရာယ်၊ ထိခိုက်ခံရလွယ်မှုနှင့် သက်ရောက်နိုင်ခြေစသည်တို့ကို သိရှိထားရန်လိုအပ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်သည် ထိခိုက်ဆုံးရှုံးနိုင်ခြေပမာဏနှင့်ဖြစ်နိုင်စွမ်းတို့ကိုသာ သုံးသပ်မှုပေးနိုင်ခြင်းမဟုတ်ဘဲ ဆုံးရှုံးမှုဖြစ်ရခြင်းတို့၏ အကြောင်းအရင်းနှင့် အကျိုးသက်ရောက်မှုတို့ကိုလည်း အပြည့်အစုံနားလည်သိရှိနိုင်သည်။ ထို့ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလေ့လာဆန်းစစ်ချက်မှာ ဆုံးဖြတ်ချက်နှင့်ပေါ်လစီချမှတ်ရန် လုပ်ငန်းစဉ်များအတွက် အဓိက အရေးပါသည်။

အထက်ဖော်ပြချက်များအရ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်၊ ပြောင်းလဲနိုင်သောအန္တရာယ် (ခြိမ်းခြောက်မှု)၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်များကို အခြေခံအုတ်မြစ် အဖြစ်အသုံးပြုမည်ဖြစ်သည်။ ၎င်းပြောင်းလဲနိုင်မှုများကို ဒေသတစ်ခု၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေရှိသည့် ဖြစ်နိုင်ခြေရှိသောလူဦးရေ၊ ပစ္စည်းများဆုံးရှုံးနိုင်ခြေပမာဏ၊ သဘာဝပတ်ဝန်းကျင်ဆုံးရှုံးနိုင်ခြေ ပမာဏနှင့် အန္တရာယ်သို့မဟုတ် ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်မည့်စွမ်းရည်များကို အခြေခံပြီးတွက်ချက်ကာ ဆန်းစစ်အသုံးပြုမည်ဖြစ်သည်။ လေ့လာဆန်းစစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံမှ ရရှိလာသည့်ရလဒ်များကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ရေးဆွဲရာတွင် အခြေခံအုတ်မြစ်အဖြစ် အသုံးပြုမည်ဖြစ်ပြီး ရပ်ရွာအဆင့် ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအတွက်လည်း အခြေပြုနိုင်သည်။

ထိခိုက်ဆုံးရှုံးနိုင်ခြေ လေ့လာဆန်းစစ်ချက်ပြုလုပ်ရာတွင် အဓိကကျသော အချက်အလက်များစွာရှိပြီး ၎င်းအချက်တို့နှင့် ကိုက်ညီရန်လိုအပ်သည်။

၁။ အသေးစိတ်ခွဲခြမ်းစိတ်ဖြာ လေ့လာမှုပြုလုပ်ရန် လိုအပ်သည့်အဆင့်အတွက် စည်းကမ်းသတ်မှတ်ချက် (အသေးစိတ်ခွဲခြမ်းစိတ်ဖြာရာတွင် နိုင်ငံအဆင့်၌ အနိမ့်ဆုံးအားဖြင့် ပြည်နယ်အဆင့်ကို လွှမ်းခြုံရမည်။ ပြည်နယ်အဆင့်တွင် အနိမ့်ဆုံးအားဖြင့် ခရိုင်အဆင့်၊ ခရိုင်အဆင့်တွင် အနိမ့်ဆုံး အားဖြင့်ကျေးရွာအုပ်စုအဆင့်နှင့် မြို့ပေါ်အဆင့်တွင် အနိမ့်ဆုံးအားဖြင့် ကျေးရွာသို့မဟုတ် ကျေးလက်ဒေသအဆင့်ကို လွှမ်းခြုံရမည်။)

၂။ အန္တရာယ်များ၏ သက်ရောက်မှုကို ခံရနိုင်ခြေရှိသည့် လူထုအရေအတွက်နှင့် ပိုင်ဆိုင်မှုပစ္စည်း ဆုံးရှုံးနိုင်ခြေတန်ဖိုးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးနိုင်ခြေ ပမာဏ။

၃။ ထိခိုက်ဆုံးရှုံးနိုင်ခြေအဆင့် ၃-ဆင့်တွင် အမြင့်ဆုံးအဆင့်အား အနီရောင်၊ အလယ်အလတ် အဆင့်အား အဝါရောင်နှင့် အနိမ့်ဆုံးအဆင့်အား အစိမ်းရောင် ဟုဖော်ပြထားရှိသည်။

## ၃. ၁ ဆန်းစစ်ဆောင်ရွက်ပုံနည်းစနစ်

ထိခိုက်ဆုံးရှုံးနိုင်ခြေ လေ့လာဆန်းစစ်ချက်၏ ရလဒ်ဖြစ်သော အမျိုးမျိုးသောခြိမ်းခြောက်မှု၊ လူထုမှဘေးဒဏ်နှင့် ထိတွေ့နိုင်ခြေ၊ ဆုံးရှုံးနိုင်ခြေနှင့် စွမ်းဆောင်ရည်စသည့် အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အသုံးပြုသည်။ အန္တရာယ်၊ ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ် ချက်များမှ ရရှိလာသော အချက်အလက်အဖြေများ အားလုံးကိုပေါင်းစပ်ခြင်း (သို့မဟုတ်) ထည့်သွင်း စဉ်းစားသည့်နည်းလမ်းဖြင့် ဖော်ထုတ်ထားသောအချက်အလက် (မြေပုံ) တစ်ခုဖြစ်သည်။ ကိုယ်ပိုင်နည်းလမ်းများဖြင့် တွက်ချက်ခြင်းနှင့် အချက်အလက်များမှ တွက်ချက်ထားသော အမျိုးမျိုးသော ဖော်ပြချက် များအရ ရရှိလာသည့် အရင်းအမြစ်ကိုရှာသည်။ အန္တရာယ်များ၏ ကွဲပြားခြားနားလာမှုမှာ ပြင်းအားနှင့်ဖြစ်တန်စွမ်း(ကြိမ်နှုန်း)များအပေါ် သတ်မှတ်ချက်ပေါ်တွင်မူတည်သည်။ ထိခိုက်လွယ်မှုများ၏ ကွဲပြားခြားနားမှုများမှာ စီးပွားရေး၊ လူမှုရေး၊ ရုပ်ဝတ္ထုပိုင်းနှင့် သဘာဝပတ်ဝန်းကျင်စသည့် အတိုင်းအတာများအပေါ်တွင် အခြေခံသည်။ အန္တရာယ်အပေါ် ဖြေရှင်းနိုင်မည့် စွမ်းဆောင်ရည်၏ ပြောင်းလဲမှုဖြစ်စဉ်မှာ နည်းဥပဒေများ၊ အဖွဲ့အစည်းဖွဲ့စည်းထားရှိမှု၊ ကြိုတင်အသိပေးစနစ်များ၊ ပညာပေးစနစ်၊ ကျွမ်းကျင်မှုများ၊ သင်တန်းများ၊ လျော့နည်းသက်သာအောင် လုပ်ဆောင်သည့် အစီအမံများနှင့် ကြိုတင်ပြင်ဆင်မှုများအပေါ်တွင် မူတည်သည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံအား ဒေသတစ်ခုအတွင်း တည်ရှိနေသော အန္တရာယ်အမျိုးအစား တစ်ခုချင်းအပေါ်မူတည် ဖန်တီးရေးဆွဲသည်။ အန္တရာယ်အမျိုး အစားတစ်ခုချင်းစီ၏ ကွဲပြားခြားနားမှု အပေါ်မူတည်ပြီး အမျိုးမျိုးသော ဖော်ပြချက်များကိုတွက်ချက်ရန် တွက်ချက်မှုနည်းလမ်းများနှင့် အချက်အလက်များလည်း လိုအပ်ပါသည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေအကဲဖြတ် ဆန်းစစ်ချက်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြေပုံတွင် အထက်ပါ အချက်အလက်များကို အခြေခံကာ အရေးကြီးသော အစိတ်အပိုင်းများအားလုံးကို **GIS (Geographic Information System)** ဆော့ဖ်ဝဲလ်ကို အသုံးပြုထားသည်။ ပို၍အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါပုံရှိ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်နည်းအဆင့်ဆင့် (လုပ်ငန်းစဉ်) တွင်ကြည့်ရှုနိုင်ပါသည်။

## ပုံ (၃) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ပြုလုပ်မှုအဆင့်ဆင့်



## ၃.၂ သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်အညွှန်း

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ကို အညွှန်းကိန်းများဖြင့် ဖော်ထုတ်ထားသည်။ ၄င်းတို့မှာ အန္တရာယ်အညွှန်းကိန်း၊ ထိခိုက်ခံရ လွယ်မှု အညွှန်းကိန်း (ထိခိုက်ခံရလွယ်သည့် အစိတ်အပိုင်းများဖြစ်သည့် လူမှုရေး၊ ရုပ်ဝတ္ထုပိုင်း၊ စီးပွါးရေးနှင့် သဘာဝပတ်ဝန်းကျင်တို့၏ သက်ရောက်နိုင်မှုနှင့် ဆုံးရှုံးမှုနိုင်ခြေအညွှန်းကိန်း)နှင့် စွမ်းဆောင်ရည်အညွှန်းကိန်းတို့ဖြစ်သည်။ အန္တရာယ်အညွှန်းကိန်း၊ သက်ရောက်နိုင်မှုနှင့် ဆုံးရှုံးမှုများသည် ကြီးမားသောလွှမ်းမိုးနိုင်မှုနှင့် အန္တရာယ်အမျိုးအစားအပေါ်တွင် မူတည်သည်။ စွမ်းဆောင်ရည် အညွှန်းကိန်းအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အုပ်ချုပ်မှုနှင့် အဖွဲ့အစည်းအပေါ်တွင် လေ့လာမှုနယ်ပယ်အရမူတည်သည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေအညွှန်းကိန်းသည် ဖော်ပြထားသော အပိုင်း(၃)ပိုင်းဖြစ်သည့် အန္တရာယ်၊ ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်တို့မှရရှိ လာသောရလဒ် ဖြစ်သည်။

အညွှန်းကိန်းကို အတန်းအစား(၃)မျိုးသတ်မှတ်ထားသည်။ အနိမ့်ဆုံး(အညွှန်းကိန်း တန်ဖိုး ၀.၃ အောက်နည်းခြင်း)၊ အလယ်အလတ် (အညွှန်းကိန်းတန်ဖိုး ၀.၃-၀.၆ အတွင်း)နှင့် အမြင့်ဆုံး (အညွှန်းကိန်းတန်ဖိုး ၀.၆ ထက်များ ခြင်း) တို့ဖြစ်သည်။

မောင်တောမြို့နယ်တွင် လေ့လာဆန်းစစ်မှုပြုလုပ်သော အန္တရာယ်အမျိုးအစားမှာ ဆိုင်ကလုန်း၊ မုန်တိုင်းဘေး၊ ရေကြီးခြင်း၊ ငလျင်ဘေး၊ ကမ်းပါးပြိုခြင်းဘေးနှင့် မြို့ပြနှင့်ကျေးလက်(တော)မီးတို့ ဖြစ်သည်။

## ၃.၃. အန္တရာယ်ကျရောက်နိုင်ခြေဆန်းစစ်ချက်

အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်သည် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်လုပ်ငန်းစဉ် တစ်ရပ်လုံး၏ အရေးကြီးသော ပထမအဆင့်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်သော လုပ်ဆောင်မှုများမှာ အခြေခံကျသော သတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းအပြင် မိုးလေဝသဆိုင်ရာ၊ ဘူမိဗေဒဆိုင်ရာ သို့မဟုတ် နည်းပညာဆိုင်ရာ အန္တရာယ်များ၏ သဘောသဘာဝ၊ ဖြစ်ပေါ်သည့်အကြိမ်ရေနှင့် ပြင်းအားဆိုင်ရာ အချက်အလက်များအား လေ့လာခြင်းတို့ပါဝင်သည်။ အန္တရာယ်ကျရောက်နိုင်ခြင်းကို လေ့လာအကဲဖြတ်နိုင်ရန်အတွက် သမိုင်းမှတ်တမ်းမှတ်ရာများကို အန္တရာယ်ကျရောက်နိုင်ခြေရှိသော အရေးကြီးသောနယ်ပယ်ဒေသများတွင် ဖော်ထုတ်နိုင်ရန် အသုံးပြုလေ့ရှိသည်။ ထို့အပြင် သမိုင်းကြောင်း အချက်အလက်များ ရှားပါးခြင်း၊ သို့မဟုတ် အထောက်အထားမခိုင်လုံသော ကိစ္စရပ်များတွင် သိပ္ပံနည်းပညာ၊ အသိပညာ၊ အထူးကျွမ်းကျင်သော ဆုံးဖြတ်ချက်၊ ကွန်ပျူတာသင်္ချာန်တူပြုလုပ်ခြင်းတို့သည် အန္တရာယ်ဖြစ်ရပ်များသင်္ချာန်တူပြုလုပ်ရာတွင်လိုအပ်လေ့ရှိသည်။

လေ့လာဆန်းစစ်မှုရလဒ်ကို ခွဲခြမ်းလေ့လာပြီး သတ်မှတ်ထားသော ပထဝီအနေအထားအရ ဒေသတစ်ခု၏အန္တရာယ်ကျရောက်နိုင်ခြေနှင့် ပြင်းအားတို့ကို အန္တရာယ်ကျရောက်နိုင်ခြေမြေပုံဖြင့် ဖော်ပြနိုင်သည်။ အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံကိုနည်းလမ်းအမျိုးမျိုးဖြင့်အသုံးပြုနိုင်သည်။

- ပြည်သူလူထုအတွက်နေထိုင်သော ပတ်ဝန်းကျင်အအတွင်း မည်သည့်အချက် များက ခြိမ်းခြောက်နေသည်ဆိုသောသတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်း။
- မြေယာအသုံးပြုမှု၊ မဟာဗျူဟာနှင့် စီးပွားရေးလုပ်ငန်းများအတွက် စီမံကိန်းများရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုနိုင်ခြင်း။
- မြို့ပြအင်ဂျင်နီယာများနှင့် မြို့ရွာစီမံကိန်းရေးဆွဲသူများအတွက် ဘေးကင်းလုံခြုံသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၏အခြေခံအဖြစ် အသုံးပြုနိုင်ခြင်း။
- ကပ်ဘေးအန္တရာယ်အာမခံစာချုပ်နှင့် အာမခံလုပ်ငန်းစသောဆုံးရှုံးနိုင်ခြေ လွှဲပြောင်းခြင်း (Risk transfer) ယန္တရားထွန်းကားရေးအတွက် အခြေခံအဖြစ် အသုံးပြုနိုင်ခြင်း။

အန္တရာယ်တွင် ၎င်းတို့၏ဆက်နွယ်မှုများနှင့် ဒေသအတွင်းအကျိုးသက်ရောက်မှုပမာဏ၊ သက်တမ်း၊ ပြင်းထန်မှု အတိုင်းအတာများအပေါ် မူတည်၍ ထူးခြားသောလက္ခဏာများ ရှိသည်။ ၎င်းတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေ အဆင့်(၃) ကြားဖြစ်လျှင် အမြင့်ဆုံး၊ အလယ်အလတ်၊ အနိမ့်ဆုံးစသည့် သတ်မှတ်ချက်မျိုးရှိသည်။ ရေကြီးခြင်းအတွက် ဒီရေလွှမ်းမိုးသည့်အနက် (နိမ့် ၁ ပေ အောက်၊ အလယ်အလတ် ၁-၂ ပေကြား၊ နှင့် အမြင့် ၂ ပေနှင့်အထက်) ပေါ်မူတည်ပြီး အန္တရာယ်အဆင့်ကို သတ်မှတ်သည်။

အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်ကို နည်းလမ်းပေါင်းများစွာဖြင့် ဆောင်ရွက်နိုင်သည်။ ပြီးပြည့်စုံသော အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်တွင် အောက်ပါအချက်အလက်များပေါ် မူတည်သည်။

- ❖ ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်း အထောက်အထားအချက်အလက်၊ ဘူမိရုပ်သွင်ဆိုင်ရာ၊ ရေအရင်း အမြစ်ဆိုင်ရာ၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များ ရရှိနိုင်မှု
- ❖ အချိန်နှင့်အရင်းအမြစ်များရရှိနိုင်မှု
- ❖ အန္တရာယ်အမျိုးအစားတစ်ခုချင်းစီ၏ သွင်ပြင်လက္ခဏာများ
- ❖ လက်တွေ့အသုံးပြုသူများအနေဖြင့် အန္တရာယ်ဆန်းစစ်ချက်များကို လက်တွေ့အသုံးပြုနိုင်ခြင်း စသည် တို့ဖြစ်သည်။

အန္တရာယ်ကျရောက်နိုင် ခြေဆန်းစစ်ချက်ကို ဆောင်ရွက်ရာတွင် နည်းလမ်းပေါင်းများစွာရှိရာ ၎င်းတို့သည် အချက်အလက် များရရှိနိုင်မှု၊ သိပ္ပံနည်းကျလုပ်ငန်းများဖြစ်သည့် မြေပုံသရုပ်ခွဲခြင်း၊ ကောင်းကင်ဓါတ်ပုံနှင့် ပုံရိပ်များသရုပ်ခွဲဆန်းစစ်ခြင်း၊ နမူနာတူးဖော်ခြင်း၊ အသံပညာဖြင့် ပုံရိပ်များဖော်ခြင်းနှင့်ဖြတ်ပိုင်းပုံများဖော်ယူခြင်း၊ ဘူမိရုပ်သွင်လေ့လာမှုများ၊ ကွန်ပျူတာ နည်းပညာဖြင့် ပထဝီအချက်အလက်များအား သုံးသပ်ဆန်းစစ်ခြင်းနှင့် တိုင်းတာရေးပစ္စည်းများအပေါ် များစွာ မူတည်နေ သည်။

## ၃. ၃. ၁ ဆိုင်ကလုန်း မုန်တိုင်းဘေး

ဆိုင်ကလုန်းမုန်းတိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံအတွက် ဖော်ထုတ်ရာတွင် မြောက်များစွာသော အခြေခံ အချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။ ၎င်းတို့မှာလေတိုက်ခတ်မှု ပြင်းအား၊ မြေမျက်နှာသွင်ပြင်၊ မြေယာအသုံးချမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုပြင်းအားအပေါ် မူတည်သော ရေလွှမ်းမိုးနိုင်မှု၊ အနက် ပမာဏတို့ဖြစ်သည်။ ယခင်ကဖြစ်ပွားခဲ့သောဘေး ဖြစ်စဉ်သမိုင်းကြောင်း အခြေခံကာ ဒေသအတွင်းဖြစ်ပွားနိုင်ခြေ ရှိသည့် လေပြင်းတိုက်ခတ်နိုင်မှုနှုန်းထားများပေါ် အခြေပြုပြီးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်ပြုလုပ်ထား သည်။ ထိုလေတိုက်ခတ်မှု နှုန်းထားများမှာ-

- လေတိုက်ခတ်နှုန်း ၁နာရီမိုင် ( ၅၀-၁၀၀) အတွင်း
- လေတိုက်ခတ်နှုန်း ၁နာရီမိုင် (၁၀၀) အထက်

ဒေသတစ်ခုအတွင်း ဆိုင်ကလုန်းမုန်တိုင်း၏ ဖြစ်နိုင်ဖွယ်အလားအလာရှိမှုကို တိုင်းတာရာတွင် ညွှန်းကိန်းတန်ဖိုး ၀-၁ အားအထက်တွင် ဖော်ပြထားသော မူဘောင် သတ်မှတ်ချက်များကို ဖော်ပြအသုံးပြုသည်။ သတ်မှတ်မူဘောင် တစ်ခုချင်းစီကို အလေးချိန်တန်ဖိုး ၀-၁၀၀% ကြားချမှတ်ကာ ပူးပေါင်းပါဝင်မှု၊ အန္တရာယ်ပြင်းအားတွင် ပါဝင်သော အစိတ်အပိုင်းများ၏ သက်ရောက်နိုင်မှု၊ အန္တရာယ်အားအမြင့်ဆုံးဖြစ်အောင် ထပ်မံပေါင်းစပ်မှုများပေါ်တွင်သတ်မှတ် သည်။ ဖြစ်နိုင်ခြေအလားအလာရှိသော ရေကြီးခြင်းအား ယခင်ကဖြစ်ပျက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း၏ လေတိုက်နှုန်းပေါ်တွင် ရရှိသည်။ သတ်မှတ်မူဘောင်များ၏ ဖြစ်ပျက်ပုံများကို မုန်တိုင်းဒီရေအမြင့်နှင့် မိုးရွာသွန်းမှု ပြင်းအားများဖြစ်သည်။ ရေလွှမ်းမိုးမှုအမြင့်အား ဒေသအတွင်း အင်အားပြင်းသော ရေလွှမ်းမိုးမှုအမြင့်ပေါ်တွင် ဆန်းစစ်သည်။

အောက်ဖော်ပြပါဇယားတွင် သတ်မှတ်ချက်မှုဘောင်၊ အညွှန်းကိန်းနှင့်အရင်းအမြစ်များကို အသေးစိတ်ဖော်ပြထားသည်။

**ဇယား (၂) ဆိုင်ကလုန်းမုန်တိုင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ**

| သတ်မှတ်ချက်မှုဘောင် | အတန်းအစား | ရမှတ် | ပမာဏ | အရင်းအမြစ် |
|---|---|---|---|---|
| လေတိုက်ခတ်မှုပြင်အား | ၁နာရီမိုင်၁၀၀အထက်<br>၁နာရီမိုင်၅၀-၁၀၀ ကြား<br>၁နာရီမိုင်၅၀အောက် | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၅၀% | ဇာတ်လမ်းအရ |
| မြေမျက်နှာသွင်ပြင် | လျှောစောက်(နိမ့်)<br>လျှောစောက် (အလယ်အလတ်)<br>လျှောစောက် (မြင့်) | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၂၅% | Extraction from DEM (digital elevation model) |
| မြေယာအသုံးချမှု | အခြေချနေထိုင်မှု<br>မြေလွတ်၊ စပါးစိုက်ခင်း<br>သစ်တော | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၂၅% | Landsat and bing satellite image classification (identification |
| ရေလွှမ်းမိုးမှု အနက် (မုန်တိုင်းဒီရေလှိုင်း၊ မိုးရေချိန် | ၂ မီတာအထက်<br>၁-၂ မီတာအတွင်း<br>၁ မီတာအောက် | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ထပ်မံပေါင်းစပ် | Flood analyzing |

## ၃. ၃. ၁. ၁ လေတိုက်ခတ်နှုန်း ၁နာရီမိုင်(၅၀-၁၀၀) အကြား

ဖော်ပြပါအတိုင်း လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင် မိုင်(၅၀မှ၁၀၀) အတွင်း တိုက်ခတ်ပါက အန္တရာယ်ပြင်းအားသက်ရောက်နိုင်မှုအခြေအနေမှာ အနိမ့်ဆုံး၊ အလယ်အလတ်နှင့်အမြင့်ဆုံးတွင်ရှိသည်။ အန္တရာယ်ပြင်းအားနိမ့်လျှင် မြို့နယ်စုစုပေါင်းဧရိယာ၏ (၁၉၃. ၁၂)စတုရန်းမိုင်၊ အလယ်အလတ်- မြို့နယ်စုစုပေါင်းဧရိယာ၏ (၂၀၇. ၀၂) စတုရန်းမိုင်နှင့် အန္တရာယ်အမြင့်ဆုံးတွင် (၂၅. ၅၆)စတုရန်းရန်းမိုင် သက်ရောက်ခံနိုင်ခြေရှိသည်။ အန္တရာယ်သက်ရောက်နိုင်ခြေအဆင့်မှာ အလယ်အလတ်ဖြစ်ပါသည်။ လေတိုက်နှုန်းခန့်မှန်းချက်၁နာရီလျှင် မိုင်(၅၀မှ၁၀၀)အတွင်း လေတိုက်ပါက မောင်တောမြို့နယ်ရှိ တချို့ဧရိယာများသည် ပင်လယ်နှင့်ထိတွေ့လျက်ရှိခြင်းနှင့် မြေမျက်နှာသွင်ပြင်များကြောင့် မုန်တိုင်းဒီရေလှိုင်း၏ ဦးတည်လမ်းများကြောင့် ရေအမြင့်ပေ ၁-၁၈. ၆၉ပေ မုန်တိုင်းဒီရေတက်ရောက်နိုင်မှု အလားအလာရှိသည်။ အခြေအနေတရပ်ပေါ်မူတည်ပြီး ပင်လယ်ကမ်းရိုးတန်း အရှေ့ဘက်ကုန်းမြေများ၊ မြေမျက်နှာသွင်ပြင်၊ ပင်လယ်ကမ်းရိုးတန်းသို့ ၁၃၃၁-၂၄၀၆ပေ အကြားတွင် မုန်တိုင်းဒီရေလှိုင်များ ကျူးကျော်ဝင်ရောက်နိုင်ခြေရှိသည်။ ရေလွှမ်းမိုးနိုင်သောပျှမ်းမျှအနက်ပေ ၁၄. ၁၂ပေဖြစ်ပြီး စုစုပေါင်းရေလွှမ်းမိုးနိုင်သော ဧရိယာ

၁၀,၈၁၀ စတုရန်းမိုင်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များဖြစ်သည့် ရေနစ်မြုပ်နိုင်ခြေနှင့် ဆိုင်ကလုန်း မုန်တိုင်းပမာဏကို နောက်ဆက်တွဲ (၅) တွင် မောင်တောမြို့နယ်ကျေးရွာအုပ်စုအလိုက် ဖော်ပြထားသည်။

ပုံ (၄) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ (လေတိုက်နှုန်း ၁ နာရီ မိုင် ၅၀-၁၀၀ ကြား)



## ၃. ၃. ၁. ၂ လေတိုက်ခတ်နှုန်း ၁နာရီ မိုင်(၁၀၀) နှင့်အထက်

အကဲဖြတ်သုံးသပ်ဆန်းစစ်ချက်များအရ လေတိုက်ခတ်နှုန်းသည်၁နာရီလျှင် မိုင်(၁၀၀)နှင့်အထက် တိုက်ခတ်ပါက အန္တရာယ်ပြင်းအား သက်ရောက်နိုင်မှု အခြေအနေမှာ အနိမ့်ဆုံးမှအမြင့်ဆုံးတွင်ရှိသည်။ သို့ရာတွင် အန္တရာယ်ပြင်းအားအနိမ့်ဆုံးသည် မြို့နယ်စုစုပေါင်းဧရိယာ၏ (၁. ၈၇၁)စတုန်းရန်းမိုင်တွင် ရှိသည်။ အခြားတဖက်တွင် ဤဖြစ်စဉ်၏ လေတိုက်နှုန်းအား ၃နှင့် ၅အဆင့်ဟု သတ်မှတ်ထားသောကြောင့် အန္တရာယ်ပြင်းအားအလယ်အလတ်နှင့် အန္တရာယ်ပြင်းအားအမြင့်ဆုံးအဆင့်ဖြစ်သည်။ အန္တရာယ်ပြင်းအားအလယ်အလတ်တွင် (၂၁၇. ၀၂၁)စတုရန်းမိုင်နှင့် အန္တရာယ်ပြင်းအားအမြင့်ဆုံးတွင် (၃၄၃. ၀၁၇) စတုန်းရန်းမိုင် သက်ရောက်ခံနိုင်ခြေရှိသည်။ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင်(၁၀၀)နှင့် အထက် တိုက်ခတ်ပါက မြေမျက်နှာပြင်အားလုံးကို ထိခိုက်နိုင်၍ အန္တရာယ်သက်ရောက် လွှမ်းမိုးမှုအဆင့်မှာ အမြင့်ဆုံးအဆင့်တွင်ရှိသည်။ မောင်တောမြို့၏ကမ်းရိုးတန်းဒေသများသို့ မုန်းတိုင်းဒီရေမြင့်မားက ဝင်ရောက်နိုင်ခြေနှင့် မောင်တောမြို့ပေါ်ရှိရပ်ကွက်များတွင်လည်း မုန်းတိုင်းဒီရေများဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးနိုင်ပါသည်။ မောင်တောမြို့နယ်၏ စုစုပေါင်းရေလွှမ်းမိုးနိုင်သည့် ဧရိယာမှာ (၃၄. ၈၈၀) စတုရန်းမိုင်ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်အနေအထားအရ ရေလွှမ်းမိုးမှု အမြင့်(၃. ၀၁၃ပေ နှင့် ၂၂. ၇၄) ပေအကြားတွင်ရှိသည်။

အသေးစိတ်အချက်အလက်များဖြစ်သည့် ရေနစ်မြှုပ်နိုင်ခြေနှင့် ဆိုင်ကလုန်းပမာဏကို နောက်ဆက်တွဲ (၆) တွင် မောင်တောမြို့နယ်ရှိ ကျေးရွာအုပ်စုအလိုက် ဖော်ပြထားသည်။

ပုံ (၅) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ (လေတိုက်နှုန်း ၁ နာရီ မိုင် ၁၀၀ အထက်)



အမျိုးအစားသုံးမျိုးမှ ခန့်မှန်းရရှိလာသော အဖြေများအရ ဆိုင်ကလုန်းအန္တရာယ်ပြမြေပုံနှင့် ဆိုင်ကလုန်းဘေး ထိခိုက်ခံရနိုင်ခြေဆန်းစစ်ချက်များကို သဘာဝဘေးလျှော့ပါးရေး ဆိုင်ရာစီမံကိန်းများ၊ ပြည်သူလူထုအတွက် အသိပညာမြှင့်တင်ရေးအစီစဉ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ခိုလှုံရာအဆောက်အဦးများ၊ သက်ကယ်ကုန်းများ တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားအသုံးပြုနိုင်သည်။

## ၃. ၄ မြို့ပြနှင့် ကျေးလက်/တောမီးဘေး

မီးသုံးစွဲမှု သို့မဟုတ် သဘာဝအကြောင်းတရားများကြောင်း ဖြစ်ပွားတတ်သော မီးဘေးသည် ရုပ်ဝတ္ထုပစ္စည်းနှင့် ဇီဝဗေဒပိုင်ဆိုင်မှုများဖြစ်သည့် သစ်ပင်သစ်တောများ၊ မြေယာများ၊ သို့မဟုတ် အဆောက်အဦးများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်ပျက်စီးမှုဖြစ်ပေါ်စေနိုင်သည်။ မီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သော အကြောင်းရင်း များစွာရှိသည်။ ၄င်းတို့မှာ လူကြောင့်ဖြစ်ပွားသောမီးဘေး (ပေါ့ဆမီး၊ လျှပ်စစ်ဝါယာရှော့၊ ဖယောင်းတိုင်မီး) တို့ဖြစ်သည်။ ထို့အပြင် လူများတောထဲတွင် မီးသုံးစွဲရာမှ ဖြစ်ပွားသော တောမီးနှင့် ရာသီဥတုကြောင့် ဖြစ်ပွားသော တောမီးလောင်ကျွမ်းခြင်းဖြစ်ပွားနိုင်သည်။ မောင်တောမြို့နယ်အတွင်း ဖြစ်ပွားနိုင်သော မီးဘေးအတိုင်းအတာနှင့် သက်ရောက်နိုင်မှုအဆင့်ကို မြေကြီးအမျိုးအစား၊ ရာသီဥတု (ခြောက်သွေ့ မိုးများ)၊ မြေယာအသုံးချမှု (သစ်တောပေါက်ရောက်မှု အမျိုးအစား) စသည်တို့ပေါ်မူတည်တွက်ချက်သည်။

မောင်တောမြို့နယ်အတွင်း ဖြစ်ပွားနိုင်သော မီးဘေးအတိုင်းအတာနှင့် သက်ရောက်နိုင်မှုအဆင့်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည်။

ဇယား (၃) မြို့ပြနှင့် ကျေးလက်/တောမီးဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ

| အတိုင်းအတာ | အမျိုးအစား | ရမှတ် | အလေးဆ |
|---|---|---|---|
| မြေအမျိုးအစား | မီးခိုးရောင်မြေပွ၊ ကျောက်စရစ်မြေပြော့၊ မြေဆွေး၊<br>ဆီမီးအော်ဂင်းနစ်မြေဆီလွှာ၊ကြေမွကျောက်အလွှာ၊ မြေနီ၊<br>မီးတောင်မြေဆီလွှာ၊ မိုးသစ်တောမြေဆီလွှာ၊<br>နန်းအော်ဂင်းနစ်မြေဆီလွှာ၊ | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၃၀% |
| ရာသီဥတု | ခြောက်သွေ့<br>မိုးနှင့်ခြောက်သွေ့ကြား<br>မိုးများ | ၁<br>၀. ၆၆၆<br>၀. ၃၃၃၃ | ၃၀% |
| မြေအသုံးချမှု | အိုးအိမ်များ၊ ထင်းရှူးတောများ၊ မြက်ခင်းပြင်များ<br>လယ်ကွင်းများ၊ ရောနှောသောတောများ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၄၀% |

## ပုံ (၆) မောင်တောမြို့နယ်၏ မြို့ပြနှင့် ကျေးလက်/တောမီးဘေး ကျရောက်နိုင်ခြေပြမြေပုံ



လေ့လာဆန်းစစ်မှုရလာဒ်အရ မောင်တောမြို့နယ်အတွင်း ၃၂၅. ၃၈၇ စတုရန်းမိုင်မှာ တောမီးဖြစ်ပြီး၊ ၂၅. ၃၅၁ စတုရန်းမိုင်မှာ မြို့ပြမီးဘေးနှင့် ကျေးလက်မီးဘေးဖြစ်သည်။ တောမီးဘေးအန္တရာယ် သက်ရောက်နိုင်ခြေ အဆင့်မှာ အလယ်အလတ်ဖြစ်သည်။ လူများအခြေချနေထိုင်ရာ နေရာများတွင် အဆောက်အအုံအမျိုးအစား၊ လူထုမီးသုံးစွဲမှု စနစ်တို့ကြောင့် မီးဘေးအန္တရာယ် သက်ရောက်နိုင်ခြေ အဆင့်မြင့်မားသည်ဟု ဆိုနိုင်သည်။ မြို့နယ်အတွင်း မီးဘေး ကျရောက်နိုင်ခြေပြဇယား အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (၇) တွင် ဖော်ပြထားသည်။

## ၃. ၅ လျှောင်ဘေး

မြေအောက်မျက်နှာပြင်မှ ရုတ်တရက်တုန်ခါပြီး ဖြစ်ပေါ်လာခြင်းကို လျှင်ဟုခေါ်ပါသည်။ လျှင်ဖြစ်ရသည့် အကြောင်းအရင်းများမှာ ကမ္ဘာမြေကြီးအောက်တွင်ရှိသော ပလိတ်ပြား၏ လုပ်ငန်းစဉ်များ အစဉ်တကျလှုပ်ဆောင်မှု မရှိခြင်း(သို့)ပထဝီအနေထားအရ ရွှေ့ပြောင်းလှုပ်ရှားမှုကြောင့်ဖြစ်သည်။ လျှင်လှုပ်နေစဉ်ပြင်းအားနှင့်တုန်ခါမှု နှုန်းအား စကေးဖြင့် ဖော်ပြပြီးလျှင်လှုပ်ခြင်းပမာဏအား ရိုတ်ချက်စတာစကေးဖြင့် ဖော်ပြလေ့ရှိသည်။ လျှင် ဇရိယာဟု သတ်မှတ်ဖော်ပြချက်များမှာ သုတေသနပြုလုပ်ပြီး ရလဒ်ကောင်းများ၊ အဖြေများ သေချာစွာရရှိနိုင်ရန် အတွက် အောက်တွင်ပေးထားသော ဇယားများတွင် အမျိုးမျိုးသော အခန်းကဏ္ဍများခွဲခြားပြီး သတ်မှတ်ထားသည် အတိုင်းအတာများဖြင့် အသုံးပြုပြီးတွက်ချနိုင်ပါသည်။

### ဇယား (၄) လျှင်ဘေးဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ

| အတိုင်းအတာ | အမျိုးအစား | ရမှတ် | အလေးဆ |
|---|---|---|---|
| လျှင်ပြင်းအား တိုင်းတာမှုစနစ်- မာကယ်လီစကေး အသစ် (Modified Mercalli Intensity - MMI) | >၇ မာကယ်လီစကေး အသစ် (MMI)<br>၄-၇ မာကယ်လီစကေး အသစ် (MMI)<br><၄ မာကယ်လီစကေး အသစ် (MMI) | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၄၀% |
| ပြတ်ရွေ့ကြောရှင်မှ အကွာအဝေး | <၅၀၀ မီတာ<br>၅၀၀-၅၀၀၀ မီတာ<br>> ၅၀၀၀ မီတာ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၂၀% |
| ပြတ်ရွေ့ကြော သိပ်သည်းဆ | သိပ်သည်းမှု ရှိ - ၁၀၀ မီတာပတ်လည်အတွင်း<br>သိပ်သည်းမှုနည်း - (၁၀၀၀)မီတာ ပတ်လည်အတွင်း ပြတ်ရွေ့ (၁)ခု သို့မဟုတ် (၂)ခု<br>(၁၀၀၀)မီတာ ပတ်လည်အတွင်း ပြတ်ရွေ့ ကြောမရှိ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၂၀% |
| ဘူမိသွင်ပြင်လက္ခဏာ | ရေလွှမ်းလွင်ပြင်၊ တောင်ကြား၊<br>နှန်းတင်မြေနုလွင်ပြင်၊ ရေအမြင့်တိုင်းအမှတ်များ<br>တောင်ကုန်းဒေသ၊ တောင်တန်းများ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၁၀% |
| ဘူမိဗေဒ | မြေပြို ဇရိယာ၊ ထုံးကျောက်၊ မြစ် | ၁ | |

| | | | |
|---|---|---|---|
| | ကျောက်ခဲရောသဲကျောက်(Conglomerate),<br>မြစ်ဝကျွန်းပေါ်ရေတိမ်ဒေသ (Alluvial neritic)<br><br>မီးတောင် (Volcanic)၊ မီးသင့်ကျောက် (extrusive, intrusive)၊ အနည်ကျကျောက် (sediment)၊ မီးတောင်ချော်ရည် (lava), သဲကျောက် (sandstone) | ၀. ၆၆၆၆<br><br><br>၀. ၃၃၃၃ | |

# ပုံ (၇) မောင်တောမြို့နယ်၏ ငလျင်ဘေးကျရောက်နိုင်ခြေပြမြေပုံ



ဆန်းစစ်ချက်၏ရလဒ်မှာ ငလျင်ကြောင့် ထိခိုက်ခံရနိုင်သည်ဧရိယာတော်တော်များများ မောင်တောမြို့နယ်အား လွှမ်းခြုံနိုင်လိမ့်မည်။ သို့သော် မောင်တောမြို့နယ်သည် မြန်မာနိုင်ငံငလျင် မြေပုံအရ ဗွီချိတ်ပုံသဏ္ဍာန်ရှိသော ငလျင်လိုင်းတစ်ခုဖြတ်သန်းသွားသောကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်ပျက်စီးနိုင်ပါသောကြောင့် ငလျက်ဘေးအန္တရာယ်သက်ရောက်မှုအားကောင်းနိုင်ပါသည်။ လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ (၈)တွင်ကြည့်ရှုနိုင်သည်။

## ၃. ၆ လေဆင်နှာမောင်း (သို့မဟုတ်) လေပြင်းတိုက်ခတ်မှု

လေဆင်နှာမောင်းဆိုသည်မှာ မိုးတိမ်ထဲတွင် အပူစီးကြောင်းဖြစ်ပေါ်ပြီး လေထုအင်အားကြီးမားလာကာ ပြင်းပြင်းထန်ထန်လည်ပတ်ဖြစ်ပေါ်နေခြင်းကို ခေါ်ပါသည်။ များသောအားဖြင့် ဆောင်းရာသီနှင့် နွေဦးရာသီများ တွင် မြောက်နှင့်တောင် စက်ဝိုင်းခြမ်းနှစ်ခု၏ လတ္တီကျူအလယ်တွင် ဖြစ်ပေါ်လေ့ရှိသော မိုးကြိုးမုန်တိုင်းများကြောင့် လေဆင်နှာမောင်းဖြစ်ပွားပါသည်။ ဂျင်ကဲ့သို့လည်နေသော လေထုအသည် ပြင်ထန်းသောလေအားထုတ်လုပ်နိုင်ပြီး တနာရီလျှင် (၃၀၀ မိုင်) ၅၀၀ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနိုင်သည်။ ဤကဲ့သို့နှုန်းထားဖြင့် လူနေဧရိယာတွင် တိုက်ခတ်ခဲ့လျှင် အဆောက်အအုံများ၊ ပစ္စည်းများလွင့်စဉ်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြစ်ပွားနိုင်ပြီး၊ အသက်ဆုံးရှုံးမှုများဖြစ်ပွား နိုင်ပါသည်။ သို့ရာတွင် လေထုအင်အားနည်းလျှင် လူနေဧရိယာများ ပျက်စီးဆုံးရှုံးမှု နည်းနိုင်သည်။ လေဆင်နှာမောင်းတိုက်ခတ်ခြင်း အတိုင်းအတာများကို အောက်ဖော်ပြပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

**ဇယား (၅) လေဆင်နှာမောင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ**

| အတိုင်းအတာ | အမျိုးအစား | ရမှတ် | အလေးဆ |
|---|---|---|---|
| မြေအသုံးချမှု | လယ်ယာမြေ၊ ကွင်းပြင်ကျယ်၊ အဆောက်အအုံ၊ သစ်တော၊ သစ်ပင်ပေါက်ရောက်မှု | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၄၀% |
| ဆင်ခြေလျော အတိုင်းအတာ | <၁၅<br>၁၅-၃၀<br>> ၃၀ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၃၀% |
| မိုးရွာသွန်းမှု | <၃၀၀၀မီလီမီတာ<br>၂၀၀၀-၃၀၀၀ မီလီမီတာ<br>> ၂၀၀၀ မီလီမီတာ | ၁<br>၀. ၆၆၆၆<br>၀. ၃၃၃၃ | ၃၀% |

## ပုံ (၈) မောင်တောမြို့နယ်၏ လေဆင်နှာမောင်းဘေး ကျရောက်နိုင်ခြေပြ မြေပုံ



လေ့လာဆန်းစစ်မှု အဖြေအရ မောင်တောမြို့နယ်အတွင်း လေဆင်နှာမောင်းအန္တရာယ်သက်ရောက်မှုမှာ အနိမ့်၊ အမြင့်၊ အလယ်အလတ်ဖြစ်ပါသည်။ အန္တရာယ်သက်ရောက်မှု အနည်းဆုံး - ၃၂၁. ၆၄ဧရိယာ စတုရန်းမိုင်နှင့် အန္တရာယ်သက်ရောက်မှု အလယ်အလတ် -၂၃၉. ၂၈ ဧရိယာစတုရန်းမိုင် အသီးသီးဖြစ်ကြသည်။ ကျေးရွာအုပ်စုများမှာ အလယ်အလတ် သက်ရောက်မှုတွင်ရှိပြီး လွှမ်းခြုံနိုင်သောဧရိယာများမှာ အနိမ့်ဆုံးဖြစ်သည်။ ကျေးရွာအုပ်စုအလိုက် လေဆင်နှာမောင်းဘေး သက်ရောက်နိုင်ခြေပြဇယားကို နောက်ဆက်တွဲ (၉) တွင်ဖော်ပြထားသည်။

## ၃. ၇ ရေကြီးခြင်းဘေး

ရေကြီးခြင်းဘေးသည် သဘာဝအရဖြစ်ပေါ်သော ဘေးအမျိုးအစားဖြစ်ပြီး မောင်တောမြို့သည် မြစ်များ၊ ချောင်း များ၊ ပင်လယ်များနှင့် ထိစပ်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ မိုးရွာသွန်းခြင်းနှင့် မြေမျက်နှာသွင်ပြင်စသည့် အချက်များကြောင့် လည်းကောင်း မြို့နယ်သည် ရေကြီးခြင်းဘေးဖြစ်ပွားမှု များပြားသည်။ မြို့နယ်၏ အမြင့်ပိုင်းနေရာတွင် မိုးရွာသွန်းမှုများပြားလျှင် မြစ်ချောင်းများသို့ မိုးရေများစီဝင်ခြင်းကြောင့် အနိမ့်ပိုင်းနှင့်ဆက်စပ်နေရာများတွင် မြစ်ရေကြီးလွှမ်းမိုးခြင်း ဖြစ်ပေါ်သည်။ ဒီရေမြင့်တက်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် မိုးရွာသွန်းမှုများခြင်းစသည့် အချက်များကြောင့် မောင်တောမြို့နယ်၏ အနိမ့်ပိုင်းနှင့် ဆက်စပ်သော ဒေသများတွင် ရေကြီးခြင်းဘေးခံရနိုင်ခြေ၊ သက်ရောက်နိုင်ခြေများသည်။

မြစ်ကမ်းနဘေးဧရိယာ ဒီရေအတက်အကျတွင် ဒီရေအမြင့်ဆုံးအဆင့်သည် ၂. ၄ မီတာ (၂. ၄မီတာ ÷ ၂)= ၁. ၂ မီတာ (မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ အရင်းအမြစ်ရယူခြင်း) အထိ ရေလွှမ်းမိုးနိုင်သည်။ မိုးရွာသွန်းမှုအချက်အလက်များအား ရခိုင်ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ရယူထားသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ရေကြီးခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်ကို အရင်းအမြစ် (၃) ခု ပေါ်တွင် အခြေခံထားသည်။ မိုးရွာသွန်းမှု၊ မြစ်ရေလွှမ်းခြင်းကြောင့်ရေကြီးခြင်း၊ ဒီရေတက်ခြင်းကြောင့် ရေကြီးခြင်း တို့ဖြစ်သည်။ အန္တရာယ်အဆင့် သတ်မှတ်ချက်ကို အောက်ဖော်ပြပါ ရေကြီးနစ်မြုပ်မှု အတိမ်အနက်ပေါ် အခြေခံသည်။

- အနိမ့် - ရေအနက်ပေ ၃. ၂၈ပေအောက်
- အလယ်အလတ် - ၃. ၂၉ ပေမှ ၆. ၅၅ ပေအတွင်း
- အမြင့်ဆုံး - ၆. ၅၅ ပေ အထက်

မောင်တောမြို့နယ်အတွင်း မြစ်ရေကြီးခြင်းဘေး သက်ရောက်နိုင်ခြေ သတ်မှတ်မှုဘောင်များကို အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားသည်။

**ဇယား (၆) ရေကြီးခြင်းဘေး ဆန်းစစ်တွက်ချက်မှု အတိုင်းအတာ**

| သတ်မှတ်ချက်မှုဘောင် | အတန်းအစား | ရမှတ် | ပမာဏ | အရင်းအမြစ် |
|---|---|---|---|---|
| မိုးရွာသွန်းမှု ပြင်းအား | >၃၀၀၀ မီလီမီတာ<br>၂၀၀၀- ၃၀၀၀ မီလီမီတာ<br>၂၀၀၀< မီလီမီတာ | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၄၀% | ဆည်မြောင်းဦးစီးဌာန၊<br>မိုး/ဇလဦးစီးဌာန |
| မြေမျက်နှာသွင်ပြင် | ၀-၃%<br>၃-၈%<br>>၈ % | ၁<br>၀. ၆၆၆<br>အချက်အလက်မရှိ | ၁၀% | SRTM DEM<br>၃၀ m |

| | | | | |
|---|---|---|---|---|
| ဘူမိရုပ်သွင်ဆိုင်ရာ (ဒီရေနှင့် ရေလွှမ်းလွင်ပြင်) | ရေလွှမ်းလွင်ပြင်<br>ရေလွှမ်းလွင်ပြင်မဟုတ်သော | ၁<br>၀.၃၃၃ | ၃၀% | ပထဝီဝင်ဌာန |
| မြစ်ကြောင်းနှင့် အကွာအဝေး | <၁၀၀ မီတာ<br>၁၀၀-၃၀၀ မီတာ<br>>၃၀၀မီတာ | ၁<br>၀.၆၆၆<br>၀.၃၃၃ | ၂၀% | MIMU, Bing Map, river order, river basin |

## ပုံ (၉) မောင်တောမြို့နယ်၏ ရေကြီးခြင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ



လေ့လာဆန်းစစ်မှု အဖြေအရ မောင်တောမြို့နယ်အတွင်း ရေကြီးနစ်မြုပ်နိုင်သော ဧရိယာစတုရန်းမိုင်မှာ စုစုပေါင်း ၃၈. ၃၉ မိုင်ဖြစ်သည်။ အန္တရာယ်သက်ရောက်မှု အနည်းဆုံး-၆. ၂၁ ဧရိယာ စတုရန်းမိုင်၊ အန္တရာယ်သက်ရောက်မှု အလယ်အလတ်-၀. ၉၄ ဧရိယာစတုရန်းမိုင်နှင့် အန္တရာယ်သက်ရောက်မှု အမြင့်ဆုံး-၈၂. ၄၀ ဧရိယာစတုရန်းမိုင် အသီးသီးဖြစ်ကြသည်။ ပျမ်းမျှ ရေအနက်ပေမှာ ၆. ၅၅ ပေအောက် ဖြစ်သည်။ ကျေးရွာအုပ်စုအလိုက် ရေကြီးခြင်းဘေး သက်ရောက်နိုင်ခြေပြဇယားကို နောက်ဆက်တွဲ (၁၀) တွင်ဖော်ပြထားသည်။

## ၃. ၈ ကမ်းပါးပြိုခြင်းဘေး

တိုက်စားခြင်းသည် အကြောင်းအရင်း အမျိုးမျိုးပေါ်မူတည်၍ အစိုင်အခဲတစ်ခုခုအား တိုက်စားရာမှ ဆက်စပ်ဖြစ်ပေါ်လာသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ၎င်းတိုက်စားခံရသော အစိုင်အခဲများမှာ အနည်ထိုင်ခြင်းများမှ ဖြစ်ပေါ်လာသော မြေသား၊ ကျောက်သားနှင့် အခြားသောအရာများလည်း ဖြစ်နိုင်ပါသည်။ တိုက်စားခြင်းဖြစ်ရပ်သည် ကမ္ဘာတစ်ဝှမ်းရှိ နေရာဒေသ အမျိုးမျိုးတို့တွင် အကြောင်း အမျိုးမျိုးတို့ကြောင့် သဘာဝအလျောက်ဖြစ်ပေါ်လျှက်ရှိသော သဘာဝဖြစ်ရပ်များဖြစ်ပြီး အချို့သော ဖြစ်ရပ်များသည် သဘာဝ၏ဂေဟစနစ်အား ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ သို့သော်လည်း တိုက်စားခြင်း ဖြစ်ရပ်သည် ပုံမှန်ထက် ပိုမိုပြင်းထန်သက်ရောက်လာပါက ပျက်စီးဆုံးရှုံးစေမှုကို ဦးတည်ပြီး မြေအနည်အထားများပျက်စီးခြင်း၊ ဆည်မြောင်း တာတမံများပြိုပျက်စီးခြင်း၊ မြေအလွှာလိုက်ပြိုပျက်စီးခြင်းနှင့် မြစ်ကမ်း၊ချောင်းကမ်း အနီးအနားတွင်ရှိသော အတည်တကျ နေရာများအားလည်း ပျက်စီးဆုံးရှုံးစေပါသည်။

တိုက်စားခြင်းမှား အခြေအနေ အမျိုးမျိုးကြောင့် ဖြစ်ပေါ်စေပြီး အမည်အားဖြင့်ကြီးမားသော မြေအနေအထား ပျက်စီးဆုံးရှုံးမှုများတွင် သီးနှံစိုက်ခင်းနေရာတစ်ခုလုံး လွှမ်းခြုံပျက်စီးခြင်း၊ မိုင်းများခွဲခြင်းနှင့် သစ်တောများခုတ်ထွင်ရှင်းလင်းခြင်းအစရှိသည်တို့ ပါဝင်ပါသည်။

တိုက်စားခြင်းဖြစ်ရပ်အပေါ် ဒေသအလိုက် အများဆုံးဖြစ်နိုင်ခြေအား စီစစ်တိုင်းတာ တွက်ချက်မှုများအရ အထူးသဖြင့် မြစ်ကမ်းပါးများ တိုက်စားခံရခြင်းအား တိုင်းတာရာတွင် မြေအနေအထားများပြောင်းလဲခြင်းအား တိုင်းတာခြင်းနှင့် အာကာသမှ ဂြိုလ်တုစလောင်းများဖြင့် ပုံရိပ်များဖမ်းယူတိုင်းတာခြင်းများ အားလည်း ၁၉၇၉ ခုနှစ်မှ ၂၀၀၀ ခုနှစ်များတွင်းတွေ့ရှိရပါသည်။ ဖမ်းယူရရှိထားသော ပုံရိပ်များအား သုံးသပ်ရာတွင် (GIS) ဟုခေါ်သော Geographical Information System အားအသုံးပြုပြီး တိုက်စားခြင်းဖြစ်ပေါ်နေသော ပမာဏအားသုံးသပ်ရန်နှင့် မြစ်များ၏သဘာဝအရ ပုံမှန်လည်ပတ်ဖြစ်ပေါ်နေသော အခြေအနေများအားလေ့လာရန်ဖြစ်သည်။ (မြစ်၏ ကွေ့ကောက်သွားသောပုံစံ သို့မဟုတ် ပုံမှန်မဟုတ်သော အနေအထားထက် ပြောင်းလဲမှုများ အောက်တွင်ဖော်ပြထားသည့်အတိုင်း)။

ပုံ (၁၀) မောင်တောမြို့နယ်၏ မြစ်၏ကွေ့ကောက်သွားသောပုံစံ (သို့မဟုတ်) ပုံမှန်မဟုတ်သော အနေအထားထက် ပြောင်းလဲမှုများ



အပေါ်တွင်ပြသထားသော ပုံအားအခြေခံ၍ မြစ်ကမ်း၏ သဘာဝဖြစ်စဉ် သို့မဟုတ်ပုံမှန်ထက် ပြောင်းလဲသွားသော အခြေအနေများအား မြစ်၏ကွေ့ကောက်သွားသည့် ပုံစံအား ညွှန်ပြနေသည်ကို တွေ့ရှိရပါသည်။ ပြောင်းလဲမှု အဆင့်အရ တစ်နှစ်လျှင် ၄. ၂ ပေအထိ ရှိနေသည်ဆိုလျှင် အန္တရာယ် ကျရောက်နိုင်သည့်အခြေအနေဟု သတ်မှတ်နိုင်ပြီး အောက်တွင်ဖော်ပြထားသော ဇယားအတိုင်း အခြေခံပြီးကြည့်ရှုနိုင်ပါသည်။

**ဇယား (၇) ကမ်းပါးပြိုခြင်းဘေး ဆန်းစစ်တွက်ချက်မှု အတိုင်းအတာ**

| အတိုင်းအတာ | အမျိုးအစား | ရမှတ် | အလေးဆ |
|---|---|---|---|
| ပြောင်းလဲမှုနှုန်း | >၉ ပေ | ၁ | ၁၀၀% |
| | ၆-၉ ပေ | ၀. ၆၆၆ | |
| | <၆ ပေ | ၀. ၃၃၃ | |

## ပုံ (၁၁) မောင်တောမြို့နယ်၏ ကမ်းပါးပြိုခြင်းဘေး ကျရောက်နိုင်ခြေပြ မြေပုံ



၎င်းဇယားလေ့လာဆန်းစစ်ချက်အရ ကမ်းပါးပြိုခြင်းဘေးအဆင့်မှာ အနိမ့်အဆင့်တွင်ရောက်ရှိကြောင်း မြင်သာပါသည်။ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (၁၁) တွင်ဖော်ပြထားသည်။

## ၃. ၉ ထိခိုက်ခံရလွယ်မှုအား အကဲဖြတ်ဆန်းစစ်ချက်

ထိခိုက်ခံရလွယ်မှုများသည် လူတစ်ဦးသို့မဟုတ် ရပ်ရွာလူထုတစ်ခုလုံး၏ ဘေးအန္တရာယ်အပေါ် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းများနှင့် ဆက်စပ်လျက်ရှိသည်။ ထိခိုက်ခံရလွယ်မှုအား အကဲဖြတ်ဆန်းစစ်ချက်တစ်ခုသည် လူတစ်ဦးချင်း၊ လူအုပ်စုနှစ်ခုစလုံး၏ ထိခိုက်ခံရလွယ်မှုပမာဏကို တိုင်းတာလုပ်ဆောင်ခြင်းဖြစ်သည်။

ထိခိုက်ခံရလွယ်မှု အမျိုးအစားမှာ အန္တရာယ်အမျိုးအစားနှင့် လိုအပ်သည့်အချက်များပေါ် မူတည်သည်။ လိုအပ်ချက်တစ်ခုချင်းစီ၏ တချို့သော ပိုင်ဆိုင်ပစ္စည်းများသည် အန္တရာယ်အမျိုးအစားအလိုက် တခြားအရာများထက် ထိခိုက်ခံရလွယ်မှုကိုပို၍ ဖြစ်စေသည်။ ဉပမာအားဖြင့်ဒေသထွက်ပစ္စည်းများဖြင့် တည်ဆောက်ထားသောအဆောက်အဦးများသည် မိုးခေါင်ရေရှားဘေးထက် ရေကြီးခြင်းနှင့်မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုပို၍ဖြစ်စေသည်။ ထိုနည်းတူ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သူတစ်ဦးသည် ဝန်ဆောင်မှုနှင့်စီးပွါးရေးကဏ္ဍတွင်လုပ်ကိုင်သောသူထက် ရေကြီးခြင်းနှင့် မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုကို ပို၍ဖြစ်စေသည်။ ထို့ကြောင့်သင့်တော်သော နည်းလမ်းများဖြင့် နိုင်ငံတစ်ခုချင်းသို့မဟုတ် ပြည်နယ်တစ်ခုချင်းစီ၏ မတူသောကဏ္ဍအမျိုးမျိုး၏ ထိခိုက်ခံရလွယ်မှုများကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

၎င်းထိခိုက်ခံရလွယ်မှုအား လေ့လာသည့် အကဲဖြတ်ဆန်းစစ်ချက်တွင် ပြည်နယ်၏ အဓိကအရာများကို ထည့်သွင်းစဉ်းစားရမည့် ကဏ္ဍကြီးလေးရပ် ပါဝင်သည်။ ပါဝင်သော အခန်းကဏ္ဍများမှာ

- ❖ လူသားအရင်းအမြစ်နှင့် လူမှုအသိုက်အဝန်းကဏ္ဍ
- ❖ ရုပ်ဝတ္ထုအဆောက်အဦးပိုင်းဆိုင်ရာကဏ္ဍ
- ❖ ကုန်ထုတ်လုပ်မှုကဏ္ဍ
- ❖ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍ

ထိခိုက်ခံရလွယ်မှု၏ညွှန်းကိန်းများကို အန္တရာယ်ညွှန်းကိန်းများကဲ့သို့ အဆင့်သုံးဆင့်ဖြင့် ပိုင်းခြားထားသည်။ ထိခိုက်ခံရလွယ်မှုများအား ကြားဖြတ်အဆင့်များဖြင့် သတ်မှတ်ထားသည်။ ထိခိုက်ခံရလွယ်မှုအနိမ့်ဆုံး (၀ - ၀. ၃၃၃၃)၊ အလယ်အလတ် (၀. ၃၃၃၄ - ၀. ၆၆၆၆)နှင့် အမြင့်ဆုံး (၀. ၆၆၆၇ - ၁) တို့ဖြစ်သည်။

လူသားအရင်းအမြစ်နှင့် လူမှုအသိုက်အဝန်းကဏ္ဍအတွက် လူဦးရေညွှန်းကိန်းဖော်ပြချက်များကို ဖြစ်နိုင်ခြေရှိသောအန္တရာယ်ရှိသည့် ဒေသတစ်ခုအတွင်းရှိလူမှုရေး အစိတ်အပိုင်းများဖြင့် တွက်ချက်သည်။ ၎င်းအစိတ်အပိုင်းများကို ဒေသအတွင်းရှိ ထိခိုက်ခံရလွယ်အုပ်စုများ၏ ညွှန်းကိန်းများနှင့် လူဦးရေသိပ်သည်းအညွှန်းကိန်းများမှ အရင်းမြစ်များရရှိကာ ၎င်းတို့အား စံနှုန်းများဖြင့် အပိုင်းသုံးပိုင်းခွဲခြားထားသည်။

၁. လူဦးရေညွှန်းကိန်းများ အနိမ့်ဆုံးကိုဖော်ပြရာတွင် လူဦးရေသိပ်သည်းပြီး လူနေထိုင်မှု တစ်စတုရန်းကီလိုမီတာတွင် ၅၀၀ အောက်နှင့် ထိခိုက်ခံရလွယ် မှုအုပ်စုများ ၂၀% အောက်ရှိသောအခြေအနေ။
၂. လူဦးရေညွှန်းကိန်းများ အလယ်အလတ်ကိုဖော်ပြရာတွင် လူဦးရေသိပ်သည်းဆ လူနေထိုင်မှု တစ်စတုရန်းကီလိုမီတာတွင် ၅၀၀-၁၀၀၀ကြားနှင့် ထိခိုက်ခံရလွယ်မှုအုပ်စုများ ၂၀-၄၀% ကြားရှိသောအခြေအနေ။
၃. လူဦးရေညွှန်းကိန်းများ အမြင့်ဆုံးကိုဖော်ပြရာတွင် လူဦးရေသိပ်သည်းဆ လူနေထိုင်မှု တစ်စတုရန်းကီလိုမီတာတွင် ၅၀၀ အထက်နှင့် ထိခိုက်ခံရလွယ်မှု အုပ်စုများ ၄၀% အထက်ရှိသောအခြေအနေ။

ရုပ်ဝတ္ထုပိုင်း၊ ထုတ်လုပ်မှု(စီးပွားရေး)အပိုင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများအတွက် ထိခိုက်ခံရလွယ်မှု ညွှန်းကိန်းများကို တွက်ချက်ရာတွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် (ရုပ်ဝတ္ထုပိုင်း၊ ထုတ်လုပ်မှု (စီးပွားရေး) အပိုင်းနှင့် သဘာဝပတ်ဝန်းကျင်) ထိခိုက်ခံရလွယ်မှု၊ ဆုံးရှုံးမှုအတိုင်း အတာသက်ရောက်မှုကို လေ့လာခြင်းနှင့် ပျက်စီးမှုများကို အခြေခံသည်။ အမြင့်ဆုံးအကျိုးသက်ရောက်မှု၊ ဆုံးရှုံးမှုညွှန်းကိန်းများလည်း အမြင့်ဆုံးဖြစ်နေမည်။ ရုပ်ဝတ္ထုပိုင်းတွင် ပါဝင်သည့် အစိတ်အပိုင်းများ၏ တိုင်တာမှုသတ်မှတ်ချက်ဘောင်များမှာ လူနေအိမ်များ၊ လူမှု အဆောက်အဦးများ၊ အရေးပါသည့်ပံ့ပိုးမှုဆိုင်ရာများ ပါဝင်ပါသည်။ ထုတ်လုပ်မှု (စီးပွားရေး)ဆိုင်ရာ အစိတ်အပိုင်း များတွင် ထုတ်လုပ်နိုင်သော မြေယာမူဘောင်များပါဝင်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းကန့်သတ်မူဘောင်များတွင် သစ်တောဖုံးလွှမ်းမှု (ကာကွယ်သစ်တောများ၊ သဘာဝသစ်တောများ၊ ဒီရေတောများ၊ ပုဇွန်ကန်များနှင့် ချုံတောများ) ပါဝင်သည်။ ဤအကဲဖြတ်ဆန်းစစ်ချက်သည် အန္တရာယ် အမျိုးအစားအလိုက် ထိခိုက်ခံရလွယ်မှု မြေပုံများနှင့် ထိခိုက်ခံရနိုင်ခြေအဆင့်များအား ဖော်ပြပေးမည် ဖြစ်သည်။ ထိခိုက်နိုင်ခြေရှိသော လူအရေအတွက်၊ လူနေအိမ်များ၊ သဘာဝပတ်ဝန်းကျင်၊ ထုတ်လုပ်နိုင်မှုစသည့် ဧရိယာများသည် အန္တရာယ်ကိုလွှမ်းခြုံနိုင်မှုနယ်ပယ်နှင့် ကျေးရွာအုပ်စုအဆင့်အချက်အလက်များမှ သက်ဆိုင်သော သတင်းအချက်အလက်များဖြစ်သည့် လူအရေအတွက်၊ ထိခိုက်ခံရလွယ်မှုအုပ်စု၊ လူနေအိမ်အရေအတွက်နှင့် အမျိုး အစား၊ ထုတ်လုပ်နိုင်မှုနယ်ပယ် စသည်တို့ကို ဖော်ထုတ်ခြင်းဖြစ်သည်။ အကျဉ်းချုပ်ညွှန်းကိန်းများနှင့် လူဦးရေ ဖော်ပြချက်များအရ အန္တရာယ်တစ်ခုခြင်းတွင် ရုပ်ဝတ္ထုပိုင်း၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဆိုင်သော ပျက်စီးမှုများကို အောက်ဖော်ပြပါအကြောင်းအရာများတွင် ကြည့်နိုင်ပါသည်။

## ၃. ၉. ၁ ဆိုင်ကလုန်းမုန်တိုင်း

လေတိုက်နှုန်းအပေါ်တွင် အခြေခံသော ဖြစ်စဉ်၃ခုရှိသောကြောင့် ထိခိုက်လွယ်မှုအကဲဖြတ်ဆန်းစစ်ချက်သည်လည်း ဖြစ်စဉ်များအပေါ်တွင် အခြေခံမည်ဖြစ်သည်။ ထိခိုက်လွယ်မှုအကဲဖြတ်ဆန်းစစ်ချက်ကို ဤအခန်း၏ အစပိုင်းတွင် ဖော်ပြထားခဲ့ပြီးသည့် နည်းလမ်းများ အတိုင်းပြုလုပ်မည်ဖြစ်သည်။ ထိခိုက်လွယ်မှု အကဲဖြတ်ဆန်းစစ်ချက် အညွှန်း အပေါ် အခြေခံကာ ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကျရောက်နိုင် သည့်လူဦးရေနှင့် ထိခိုက်နိုင်ခြေရှိသည့် နေအိမ်အရေ အတွက်များကို ဖြစ်စဉ် ၃ ခုပေါ်တွင်ရရှိမည် ဖြစ်သည်။ လေ့လာဆန်းစစ်ချက်၏ ရလဒ်များကို နောက်ဆက်တွဲ (၁၂) တွင် ကြည့်ရှုနိုင်သည်။

လေတိုက်နှုန်းတစ်နာရီ မိုင်၅၀နှင့်၁၀၀ကြားဖြစ်စဉ်တွင် မြို့နယ်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသော လူဦးရေမှာ ၃၀၆၇ ဦး ဖြစ်သည်။ ထိခိုက်ခံရသည့် အိမ်အရေအတွက်မှာ ၃၁၃ လုံး ဖြစ်ပြီး ဤသို့ဖြစ်ရသည်မှာ မောင်တော မြို့နယ်အတွင်းရှိ နေအိမ်အများစုမှာ ဝါးဖြင့်ဆောက်လုပ်ထားသောကြောင့် လေပြင်းဒဏ်ကို အလွယ်တကူထိခိုက် နိုင်သည်။ ပတ်ဝန်းကျင် ထိခိုက်မှုမှာ သုညဖြစ်သည်။ နမူနာခန့်မှန်းခြေ လေတိုက်နှုန်းမှာ ကုန်ထုတ်လုပ်မှုကဏ္ဍ (စပါးခင်း၊ ငါးကန်) များကို ဆိုးရွားစွာ ထိခိုက်မှုမရှိစေသော်လည်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပင်လယ်ဒီရေ တက်မှု များဖြစ်ပေါ် စေနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော လေတိုက်နှုန်းနှင့်အတူ မုန်တိုင်းဒီရေ တက်မှုအနည်းငယ်ဖြစ်ပေါ်နိုင်ပြီး ပင်လယ်နှင့် နီးသောဒေသများရှိ အချို့သော စပါးခင်းများနှင့် ငါးလုပ်ငန်းများကို ထိခိုက်နိုင်သည်။

## ပုံ (၁၂) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်း ၁နာရီမိုင် ၅၀နှင့်၁၀၀ အကြား)



နောက်ဆက်တွဲ (၁၃)တွင် ဖော်ပြထားသည့် လေတိုက်နှုန်း တစ်နာရီ ၁၀၀အထက်ဖြစ်စဉ်တွင် မြို့နယ်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသော လူဦးရေမှာ ၁၅၇၅၄၆ ဦး ဖြစ်သည်။ ထိခိုက်ခံရသည့် အိမ်အရေအတွက်မှာ ၂၀၃၈ ဖြစ်ပြီး ဤသို့ဖြစ်ရသည်မှာ လေတိုက်နှုန်းတစ်နာရီ မိုင်၁၀၀နှင့်အထက်သည် အိမ်အများစုကို ထိခိုက်ပျက်စီးစေနိုင်ပြီး လူအားလုံးကို ထိခိုက်စေနိုင်သည်။

လေတိုက်နှုန်း တစ်နာရီမိုင်၁၀၀နှင့် အထက်ရှိသော ဆိုင်ကလုန်းမုန်တိုင်းတွင် လေတိုက်နှုန်းတစ်ခုတည်းကပင် ဆိုးရွားစွာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သောကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍထိခိုက်နိုင်မှုမှာလည်း သိသာစွာ မြင့်တက်နိုင်သည်။ မုန်တိုင်းဒီရေနှင့်ပေါင်းစပ်မိပါက ကုန်ထုတ်လုပ်မှုကဏ္ဍ အများစုကို ထိခိုက်ပျက်စီး ဆုံးရှုံးစေနိုင်သည်။

အထူးသဖြင့် မြေမျက်နှာအနိမ့်အမြင့် ရုတ်တရက်ပြောင်းလဲမှုရှိသော အမြင့်ပိုင်းနှင့် အနိမ့်ပိုင်းဒေသတွင်ရှိသော သစ်တောအများစု မှာထိခိုက်နိုင်ပြီး ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုမှာလည်း မြင့်တက်နိုင်သည်။

ပုံ (၁၃) မောင်တောမြို့နယ်၏ ဆိုင်ကလုန်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်း ၁နာရီမိုင် ၁၀၀အထက်)



## ၃. ၉. ၂ မြို့ပြနှင့်ကျေးလက်/တောမီးဘေး

ထိခိုက်လွယ်မှုညွှန်းကိန်း၊ ထိခိုက်နိုင်ခြေရှိသည့်လူဦးရေ၊ ရုပ်ပိုင်းဆိုင်ရာ (နေအိမ်များ)၊ ကုန်ထုတ်လုပ်မှုမြေနေရာ (စီးပွားရေး)နှင့် ပတ်ဝန်းကျင်များ၏ အကဲဖြတ်ဆန်းစစ်မှုအပေါ်တွင် အခြေခံကာ မြို့ပြနှင့်ကျေးလက်/တောမီးဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို သိရှိနိုင်သည်။

လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ (၁၄) တွင်ကြည့်ရှုနိုင်သည်။

## ပုံ (၁၄) မောင်တောမြို့နယ်၏ မြို့ပြနှင့် ကျေးလက်/တောမီးဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



နောက်ဆက်တွဲ (၁၄) တွင်ဖော်ပြထားသော မြို့ပြနှင့်ကျေးလက်မီးဘေး ထိခိုက်ခံရလွယ်မှုပြဇယားအရ မြို့နယ်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသောလူဦးရေမှာ ၃၉၅၀၂၀ ဦးဖြစ်ပြီး ထိခိုက်ခံရသည့် အိမ်အရေအတွက်မှာ ၄၄၈၃၈ လုံး ဖြစ်သည်။ ပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှု၏ ထိခိုက်ခံရနိုင်မှုအဆင့် အနည်းဆုံးတွင်ရှိသော်လည်း အချို့သော စိုက်ပျိုးမြေဧရိယာမှာ ပိုမိုခြောက်သွေ့လာသဖြင့် အလွယ်တကူ မီးလောင်ကျွမ်းနိုင်ပါကြောင်းကို နောက်ဆက်တွဲ (၁၄) တွင် ဖော်ပြထားသည့် ဇယားတွင်မြင်တွေ့နိုင်သည်။

## ၃. ၉. ၃ လျှင်ဘေး

ထိခိုက်လွယ်မှုညွှန်းကိန်း၊ ထိခိုက်နိုင်ခြေရှိသည့် လူဦးရေ၊ ရုပ်ပိုင်းဆိုင်ရာ (နေအိမ်များ)၊ ကုန်ထုတ်လုပ်မှု မြေနေရာ (စီးပွားရေး)နှင့် ပတ်ဝန်းကျင်များ၏ အကဲဖြတ်ဆန်းစစ်မှုအပေါ်တွင် အခြေခံကာ လျှင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို သိရှိနိုင်သည်။ လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ (၁၅) တွင် ကြည့်ရှုနိုင်သည်။

## ပုံ (၁၅) မောင်တောမြို့နယ်၏ ငလျင်ဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



အချို့ လျှောင်အန္တရာယ်အဆင့်သည် အနိမ့်ဆုံးဖြစ်ပြီးအခြေကျနေထိုင်သော အိမ်ခြေများမှာ လျှောင်ဗဟိုချက်နှင့် ဝေးကွာနေသဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ထိခိုက်နိုင်မှုမှာလည်း အနည်းဆုံးဖြစ်သည်။

## ၃. ၉. ၄ လေဆင်နှာမောင်းဘေး

ထိခိုက်လွယ်မှုညွှန်းကိန်း၊ ထိခိုက်နိုင်ခြေရှိသည့် လူဦးရေ၊ ရုပ်ပိုင်းဆိုင်ရာ (နေအိမ်များ)၊ ကုန်ထုတ်လုပ်မှု မြေနေရာ (စီးပွားရေး)နှင့် ပတ်ဝန်းကျင်များ၏ အကဲဖြတ်ဆန်းစစ်မှုအပေါ်တွင် အခြေခံကာ လေဆင်နှာမောင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို သိရှိနိုင်သည်။ လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ (၁၆)တွင် ကြည့်ရှုနိုင်သည်။

## ပုံ (၁၆) မောင်တောမြို့နယ်၏ လေဆင်နှာမောင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



## ၃. ၉. ၅ ရေကြီးခြင်းဘေး

ထိခိုက်လွယ်မှုအဆင့်၊ ထိခိုက်နိုင်ခြေရှိသည့်လူဦးရေ၊ ရုပ်ပိုင်းဆိုင်ရာ (နေအိမ်များ)၊ ကုန်ထုတ်လုပ်မှု မြေနေရာ (စီးပွားရေး) နှင့် ပတ်ဝန်းကျင်များ၏ အကဲဖြတ်ဆန်းစစ်မှုအပေါ်တွင် အခြေခံကာ မြစ်ရေကြီးမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို သိရှိနိုင်သည်။ လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ (၁၇) တွင် ကြည့်ရှုနိုင်သည်။

ရေကြီးခြင်းဘေး ထိခိုက်ခံရနိုင်ခြေပြလေ့လာဆန်းစစ်ချက်ရလဒ်များအရ မြို့နယ်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသောလူဦးရေမှာ ၁၈၇၅၀၈ ဦး ဖြစ်သည်။ ထိခိုက်ခံရသည့် အိမ်အရေအတွက်မှာ ၂၁၈၈၇ လုံး ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ လူနေအိမ်ခြေ အများစုမှာ မြေနိမ့်ပိုင်းတွင် ရှိသောကြောင့် ဖြစ်သည်။ စပါးခင်းကဲ့သို့သော ကုန်ထုတ်လုပ်မှုနေရာများမှာလည်း ပင်လယ်ပြင်နှင့်နီးသော အနိမ့်ပိုင်းတွင်ရှိသောကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ထိခိုက်ပျက်စီးနိုင်ခြေမှာလည်း မြင့်မားသည်။ ဤအခြေအနေသည် ပင်လယ်ပြင်အနီးတွင်ရှိသော ငါးလုပ်ငန်းများကိုလည်း ထိခိုက်ပျက်စီးစေနိုင်သည်။ ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေမှာ ၅၆. ၉၆၇ ဧက ဖြစ်သည်။

ပုံ (၁၇) မောင်တောမြို့နယ်၏ ရေကြီးခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



### ၃. ၉. ၆ ကမ်းပါးပြိုခြင်းဘေး

ထိခိုက်ခံရလွယ်မှုအဆင့်၊ အန္တရာယ်နှင့်ထိတွေ့နိုင်သည့်လူဦးရေ၊ ရုပ်ပိုင်းဆိုင်ရာ (အိမ်ခြေ)၊ စိုက်ပျိုးမြေ (စီးပွားရေး) နှင့် သဘာပတ်ဝန်းကျင်တို့ပေါ် အခြေခံပြီးလေ့လာဆန်းစက်ချက်များအရ မြစ်ရေကြီးခြင်းကြောင့် ပျက်စီးနိုင်မည့် အလားအလာရှိသော အရာများဖြစ်သည်။ လေ့လာဆန်းစစ်ချက်ရလဒ်များကို နောက်ဆက်တွဲ(၁၈) တွင်ကြည့်ရှုနိုင်သည်။

## ပုံ (၁၈) မောင်တောမြို့နယ်၏ ကမ်းပါးပြိုခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



နောက်ဆက်တွဲ(၁၈)တွင် ဖော်ပြထားသော ကမ်းပါးပြိုခြင်းဘေး ထိခိုက်ခံရလွယ်မှုဇယားအရ မြို့နယ်ခရိုင်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသော လူဦးရေစုစုပေါင်းမှာ ၁၈၈ ဦးဖြစ်ပြီး ထိခိုက်ခံရနိုင်ခြေရှိသောလူဦးရေမှာ ၁၈၈ ဖြစ်ပါသည်။ တစ်နှစ်ခြင်းရေတိုက်စားမှုအပေါ်အခြေခံပြီး တစ်နှစ်ခြင်းထိခိုက်ခံရလွယ်မှုအဆင့် အနိမ့်ဆုံးဖြစ်သည်။

## ၃. ၁၀ စွမ်းဆောင်ရည်

စွမ်းဆောင်ရည်ဆိုသည်မှာ လူတစ်ဦး (သို့မဟုတ်) အစုအဖွဲ့တစ်ခုမှ ဘေးအန္တရာယ်တစ်ခု၏ အန္တရာယ် (သို့မ ဟုတ်) ဘေးဖြစ်နိုင်ခြေကို ရင်ဆိုင်တုံ့ပြန်နိုင်သည့်စွမ်းရည်ကို ဆိုလိုသည်။ သွင်ပြင်လက္ခဏာများအနေဖြင့် မူဝါဒပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းများ၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုများပါဝင်သည်။ ဘေးအန္တရာယ်တစ်ခု၏ ခြိမ်းခြောက်မှုနှင့်အကျိုးသက်ရောက်မှု၏ ခုခံနိုင်စွမ်းကို ဖော်ထုတ်ရန်အတွက် ဆန်းစစ်လေ့လာချက် လုပ်ဆောင်နိုင်စွမ်းများကို အရင်းအမြစ်များအပေါ်တွင် မူတည်ကာ လူတစ်ဦးစီ၊ မိသားစုတစ်စုချင်းစီနှင့် လူအစုအဖွဲ့တစ်ခုချင်းစီအလိုက် ကိုးကားပြီးဆောင်ရွက်သည်။ ဆောင်ရွက်မှုအစီအစမံများကို မူဝါဒပိုင်းဆိုင်ရာများ၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုများကို ကိုးကားပြီး ပြုလုပ်သည်။ ဤစွမ်းဆောင်ရည် သတ်မှတ်ချက်ကို ဟိုဂိုမူဘောင်စစ်တမ်း (HFA) နှင့် မြေပုံမြို့နယ် ကျေးရွာအုပ်စု ကြိုတင်ပြင်ဆင်ခြင်း၏ အဖွဲ့အစည်းဆိုင်ရာ ရှုထောင့်မှ တိုင်းတာသည်။

## ၃. ၁၀. ၁ အစိုးရ၏ စွမ်းဆောင်ရည်အညွှန်းကိန်း အစိတ်အပိုင်း (HFA)

ဟိုဂိုမူဘောင် (HFA) စွမ်းဆောင်ရည်အစိတ်အပိုင်းသည် စွမ်းဆောင်ရည်ကိုအဆုံး အဖြတ်ပေးသည့် မူဘောင်၏ ကိုးကားချက်ဖြစ်သည်။ (HFA) ဆိုသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့် ၂၀၀၄ခုနှစ်၊ ဂျပန်နိုင်ငံ၊ ကိုဘီမြို့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်။ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအစီအစဉ်အတွက် ဦးစားပေးအချက် (၅)ချက် ပါဝင်သော (HFA) ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်မှ သဘောတူညီခဲ့ကြသည်။ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ဦးစားပေးအချက်များ၏ ရရှိသည့်အကျိုးကျေးဇူးများကို အညွှန်းကိန်း ၂၂-ခုဖြင့် တိုင်းတာသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးအတွက် (HFA) ဦးစားပေးစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

က။ နိုင်ငံနှင့်ဒေသန္တရဦးစားပေးဖြစ်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးကို ခိုင်မာသောအဖွဲ့အစည်းဆိုင်ရာ အခြေခံအပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သေချာစေခြင်း။

ခ။ ဒေသ၏ အဓိကအခန်းကဏ္ဍများကို ဘေးဖြစ်စေနိုင်သော ဘေးအန္တရာယ်နှင့် ထိခိုက်လွယ်မှု အချက်အလက်များပေါ်တွင် အခြေခံသော ဒေသဆိုင်ရာဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက် ရရှိနိုင်မှု။

ဂ။ စွမ်းဆောင်ရည်မြင့်တင်ရန်အတွက် ဗဟုသုတ၊ တီထွင်ဖန်တီးမှုနှင့် ပညာရေးအသုံးပြုမှုကို သိရှိနားလည်ပြီး သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သောဓလေ့ကို အဆင့်အားလုံးတွင် သေချာစေခြင်း။

ဃ။ ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသော အခြေခံအကြောင်းအရင်းများကိုလျော့ချခြင်း။

င။ အဆင့်အားလုံးတွင် ထိရောက်စွာတုံ့ပြန်နိုင်မှုရှိစေရန် ဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ခြင်းကို ပိုမိုခိုင်မာအားကောင်းစေခြင်း။

ဒေသအတွင်း စွမ်းဆောင်ရည် အောင်မြင်မှုရလဒ်၏ အညွှန်းကိန်းများ တိုင်းတာချက်အပေါ်တွင် အခြေခံကာ စွမ်းဆောင်ရည် အဆင့်များကို (၅)ဆင့်ခွဲခြားနိုင်သည်။

က။ အဆင့်(၁)သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအတွက် အောင်မြင်မှု အနည်းငယ်သာ ရရှိသောဒေသတွင် အစီအစဉ်များနှင့် မူဝါဒများအတွက်တိုင်းတာ မှုများကိုကြိုတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သည်။

ခ။ အဆင့်(၂)သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးအတွက် တိုင်းတာမှု အမြောက်အမြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း အဖွဲ့အစည်းဆိုင်ရာကတိကဝတ် ပြုမှုနှင့် (သို့မဟုတ်) စနစ်ကျသော မူဝါဒများမရှိမှုတို့ကြောင့် အောင်မြင်မှုရလဒ်များမှာ ပြတ်တောင်းပြတ် တောင်းဖြစ်ပေါ်နေလျက်ရှိသည်။

ဂ။ အဆင့်(၃)တွင် အစိုးရ၏ကတိကဝတ်ပြုမှုနှင့် ရပ်ရွာလူထု၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင် ခြေလျော့ပါးရေးလုပ်ငန်းများတွင် ပါဝင်မှုကိုစနစ်ကျသောမူဝါဒများနှင့် ကူညီထောက်ပံ့ပေးသော်လည်း ကတိ ကဝတ်ပြုမှုနှင့် မူဝါဒများမှရရှိလာသော အောင်မြင်မှုရလဒ်များကို အသေးစိတ်လေ့လာအကဲဖြတ်မှု မရသော ကြောင့် သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးသက်ရောက်မှုကို လျော့ချပေးရန် လုံလောက်မှုမရှိသေးပေ။

ဃ။ အဆင့်(၄)တွင် အားလုံးခြုံငုံထားသော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး မူဝါဒအပေါ် ကတိကဝတ်ပြုမှုနှင့် ကူညီထောက်ပံ့ပေးမှုတို့ဖြင့် အောင်မြင်မှုရလဒ်များရရှိခဲ့သော်လည်း ကတိ ကဝတ်ပြုမှု၊ ဘဏ္ဍာရေးအရင်းအမြစ်များ (သို့မဟုတ်) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးအတွက် ကြိုးပမ်းအားထုတ်မှုလုပ်ငန်းစွမ်းဆောင်ရည်များတွင် ကန့်သတ်မှုများ ရှိနေသေးသည်။

င။ အဆင့်(၅)တွင် ဘက်ပေါင်းစုံမှ အောင်မြင်မှုများကို ရပ်ရွာလူထုနှင့် အစိုးရအဆင့် အားလုံး၏ ကတိကဝတ် ပြုမှုများနှင့် စွမ်းဆောင်ရည်များမှရရှိသည်။

## ၃. ၁၀. ၂ ရပ်ရွာလူထု၏ ကြိုတင်ပြင်ဆင်မှုစွမ်းဆောင်ရည် (ကျေးရွာအုပ်စု)

ယေဘုယအားဖြင့် ရပ်ရွာလူထုအတွင်း သဘာဝဘေးအန္တရာယ်ကိုမျှော်တွေးပြီး ကြိုတင်ပြင်ဆင်ရမည့် အစိတ်အပိုင်း များကို သုံးသပ်ဆန်းစစ်စေခြင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် ရပ်ရွာလူထု၏ ကြိုတင်ပြင်ဆင်မှုများကို လေ့လာခြင်းဖြစ် သည်။ ကြိုတင်ပြင်ဆင်မှုစစ်တမ်းသည် ရပ်ရွာလူထုအတွင်း ကြိုတင်ပြင်ဆင်မှုကို ထိထိရောက်ရောက်နှင့် တိုင်းတာ နိုင်မှုတိုးမြှင့် အသုံးပြုလာစေရန် နည်းဗျူဟာများနှင့် ချဉ်းကပ်နည်းများဖော်ထုတ်ရန် ရည်ရွယ်သည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအပေါ် ရပ်ရွာလူထု၏ အစိတ်အပိုင်းများကို တိုင်းတာရန် အသုံးပြုမည့် မူဘောင်များမှာ-

က။ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဗဟုသုတများ

ခ။ အရေးပေါ်တုံ့ပြန်စီမံခြင်း

ဂ။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအပေါ် ထိခိုက်ခံရလွယ်သူများ၏ အကျိုးသက်ရောက်မှု

ဃ။ အစိုးရအပေါ်မှီခိုမှုမရှိဘဲ လွတ်လပ်ခြင်း

င။ ကျေးရွာလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု

## ၃. ၁၀. ၃ မောင်တောမြို့နယ်၏ HFA စွမ်းဆောင်ရည်

အဆင့် ၂ (စုစုပေါင်းစံတန်ဖိုး ၄၂. ၇၅)တွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် သဘာဝဘေး အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းမည့် မောင်တောမြို့နယ်အတွက် HFA လုပ်ဆောင်နိုင်စွမ်း မြေပုံရေးဆွဲခြင်း၏ရလဒ်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၈) မောင်တောမြို့နယ်၏ HFA စွမ်းဆောင်ရည်ပြဇယား**

| စဉ် | ဦးစားပေးသတ်မှတ်ချက် | စုစုပေါင်းရလဒ် | အညွှန်းကိန်း |
|---|---|---|---|
| ၁ | နိုင်ငံနှင့်ဒေသန္တရဦးစားပေးဖြစ်သော သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးကို ခိုင်မာသောအဖွဲ့ အစည်းဆိုင်ရာ အခြေခံအပေါ်တွင် အကောင်အထည်ဖော်ဆောင် ရွက်ရန်အတွက် သေချာစေခြင်း။ | ၆၁. ၂၅ | ၂ |
| ၂ | ဒေသ၏အဓိကအခန်းကဏ္ဍများကို ဘေးဖြစ်စေနိုင်သော ဘေးအန္တရာယ် နှင့်ထိခိုက်လွယ်မှုအချက် အလက်ဒေတာများအပေါ်တွင် အခြေခံသော ဒေသဆိုင်ရာဘေးအန္တရာယ်ကြောင့်ထိခိုက် ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက် အကဲဖြတ်ချက် ရရှိနိုင်မှု။ | ၈၆. ၂၅ | ၄ |
| ၃ | စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက်ဗဟုသုတ၊ တီထွင် ဖန်တီးမှုနှင့် ပညာရေးအသုံးပြုမှုကို သိရှိနားလည်ပြီး သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သောဓလေ့ကို အဆင့်အားလုံးတွင် သေချာစေခြင်း။ | ၁၈. ၇၅ | ၁ |
| ၄ | ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသော အခြေခံအကြောင်းအရင်းများကိုလျှော့ချခြင်း။ | ၃၂. ၅ | ၁ |
| ၅ | အဆင့်အားလုံးတွင် ထိရောက်စွာတုံ့ပြန်နိုင်မှုရှိစေရန် ဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်ခြင်းကိုပိုမို ခိုင်မာအားကောင်းစေခြင်း။ | ၁၅ | ၁ |
| | **စုစုပေါင်းရလဒ်** | **၄၂. ၇၅** | |
| **HFA စွမ်းဆောင်ရည်အညွှန်းကိန်း** | | **၂** | |

အထက်ဖော်ပြချက်အရ ယေဘုယျအားဖြင့်မောင်တောမြို့နယ်၏ HFA လုပ်ဆောင်နိုင်စွမ်း အဆင့်(၂)တွင် ရှိပြီး အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေးအတွက် တိုင်းတာမှုအမြောက် အများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ်ပြုမှုနှင့် (သို့မဟုတ်) စနစ်တကျသော မူဝါဒများမရှိမှုတို့ကြောင့် အောင်မြင်မှုရလဒ်များမှာ ပြတ်တောက် ပြတ်တောက်ဖြစ်ပေါ်နေလျက်ရှိသည်။ HFA စွမ်းဆောင်ရည် အဆင့်ပေါ်မူတည်ပြီး အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအနက်မှ အချို့ကို အနည်းဆုံး လုပ်ဆောင်ထားသင့်သည်။

၁. အုပ်ချုပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးနှင့် သက်ဆိုင်သော သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေးယန္တရားကို ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်များတွင် တည်ထောင်သည်။ ဤသို့လုပ်ဆောင်ရာတွင် အဖွဲ့အစည်းအားလုံး၏ စီမံခန့်ခွဲမှုကဏ္ဍ၊ ဗဟိုအဆင့်နှင့်ဒေသန္တရအဆင့် အစိုးရဥပဒေပြုရေးတို့နှင့် ပါဝင်ဆောင်ရွက်သူတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာဖော်ပြထားရန် လိုအပ်သည်။

၂. သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေးတွင် ဒေသန္တရအစိုးရ အာဏာပိုင်များနှင့် ရပ်ရွာလူထုများမှ ဦးဆောင်မှုနှင့် လုပ်ဆောင်နိုင်ခွင့်များရရှိရန်လိုအပ်ပြီး ဆုံးဖြတ်ချက်ချရန်အတွက် ဩဇာ

အာဏာခွဲဝေခြင်း၊ အရင်းအမြစ်များကို ခွဲဝေခြင်းနှင့်လုံလောက်သော တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ရန် လည်းလိုအပ်ပါသည်။ တာဝန်ဝတ္တရား သတ်မှတ်ခြင်းများပြုလုပ်ခြင်းနှင့် (ဗဟို)အစိုးရနှင့် ညှိနှိုင်းဆောင် ရွက်ခြင်းများ ပြုလုပ်ထားရန်လိုအပ်သည်။

၃။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးတွင် လူအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် လုပ်ဆောင်နိုင်စွမ်းများရရှိမှု၊ တန်းတူညီမျှပူးပေါင်းပါဝင်မှု၊ အားလုံးပူးပေါင်းပါဝင်မှု၊ ရယူအသုံးပြုနိုင်မှုနှင့် အဆင့်အတန်းခွဲခြားခြင်းမရှိခြင်း စသည်တို့ကိုလိုအပ်ပြီး လူ့အခွင့်အရေးပိုင်းဆိုင်ရာ ထိခိုက်နိုင်ခြေရှိသည့် လူစုများအတွက် အထူးအလေးထားဂရုပြုမှုများကို အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုများနှင့်အညီဖြည့် ဆည်း ပေးရန်လိုအပ်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရာတွင် ကျားမကဏ္ဍ၊ အသက်အပိုင်းအခြားအားလုံး၊ မသန်စွမ်းအုပ်စုများနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများကိုပေါင်းစပ်ထည့်သွင်းသင့်သည်။

၄။ ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်သည့် နောက်ကွယ်မှ အကြောင်းအရာများကို ဖော်ထုတ်ရန်အတွက် ဘေး အန္တရာယ် ဖြစ်နိုင်ခြေ သတင်းအချက်အလက်များအပေါ်တွင် အခြေခံကာ အများပိုင်နှင့်ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများပြုလုပ်ခြင်းသည် ဘေးအန္တရာယ်ဖြစ်ပြီး နောက်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ထက် ငွေကြေးသုံးစွဲရာတွင်ပိုမိုထိရောက်မှုရှိပြီး၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက်အထောက် အကူပြုသည်။

## ၃.၁၀.၄ ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်စွမ်းရည် (ကျေးရွာအုပ်စု)

ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်ရေးစွမ်းဆောင်ရည်ကို မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ဝေငှပေး ခဲ့သောစစ်တမ်းများကို လေ့လာဆန်းစစ်ခြင်းဖြင့် တိုင်းတာသည်။ တိုင်းတာမှုတန်ဖိုးသည် ရပ်ရွာလူထုစွမ်းဆောင် ရည်၏ပျမ်းမျှတန်ဖိုးကို ကျေးရွာအုပ်စုများအတွင်း ကိုယ်စားပြုသည်။ စစ်တမ်းလေ့လာဆန်းစစ်မှု ရလဒ်များကို အောက်တွင် ဖော်ပြထားသော ဇယားတွင်ကြည့်ရှုနိုင်သည်။

ဇယား (၉) မောင်တောမြို့နယ်၏ ရပ်ရွာလူထု ကြံ့ကြံ့ခံနိုင်မှု စွမ်းဆောင်ရည်ပြဇယား

| စဉ် | သတ်မှတ်ချက်များ | တန်ဖိုး | ကြံ့ကြံ့ခံနိုင်မှုအဆင့် |
|---|---|---|---|
| ၁ | ဘေးအန္တရာယ်အတွက်ကြံ့ကြံ့ခံနိုင်ခြင်း ဗဟုသုတ | ၀.၄၉ | အသင့်အတင့် |
| ၂ | အရေးပေါ်တုန့်ပြန်ရေးစီမံခန့်ခွဲမှု | ၀.၂၅ | အနိမ့်ဆုံး |
| ၃ | သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေ အပေါ် ထိခိုက်ခံရလွယ်မှု၏ အကျိုးသက်ရောက်မှု | ၀.၃၅ | အသင့်အတင့် |
| ၄ | အစိုးရအပေါ်မှီခိုမှုမရှိခြင်း | ၀.၃၃ | အနိမ့်ဆုံး |
| ၅ | အားလုံးပူးပေါင်းပါဝင်သောလူမှုအသိုင်းအဝိုင်း | ၀.၂၄ | အနိမ့်ဆုံး |
| | **စွမ်းဆောင်ရည်အဆင့်** | **၀.၃၃** | **အနိမ့်ဆုံး** |

အထက်ဖော်ပြပါ ဇယားအရ ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်မှု စွမ်းဆောင်ရည် စုစုပေါင်းအဆင့်မှာ ၀.၃၃ ဖြစ်ပြီး ၎င်းသည် အနိမ့်ဆုံး အဆင့်တွင်ရှိသည်။

ရပ်ရွာလူထုအားလုံးပါဝင်သော သတ်မှတ်ချက်တွင် ကြံ့ကြံ့ခံနိုင်မှုအဆင့်သည် နိမ့်သည်။ ဤအကြောင်းအရာ ပေါ်အခြေခံကာ ရပ်ရွာလူထုပူးပေါင်းပါဝင်မှုများကို မြှင့်တင်ပေးခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များ (သို့မဟုတ်) စီမံချက်များကို ဦးစားပေးအကောင်ထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါစွမ်းဆောင်ရည်မှတန်ဖိုးနှစ်ခုနှင့် အောက်တွင်ဖော်ပြထားသော ပုံသေနည်းကိုအသုံးပြုကာ အားလုံး လွှမ်းခြုံသော စွမ်းဆောင်ရည်ကို တိုင်းတာမည် ဖြစ်သည်။

စွမ်းဆောင်ရည် = (၀.၄ × HFA စွမ်းဆောင်ရည်×၀.၆ × ရပ်ရွာလူထုကြိုတင်ပြင်ဆင်မှု စွမ်းဆောင်ရည်)

အထက်ပါ ပုံသေနည်းအရ မောင်တောမြို့နယ်၏ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ဖြေရှင်းနိုင်မှု စွမ်းရည်မှာ ၀.၃၄၆ ဖြစ်ပြီး ၎င်းမှာအသင့်အတင့်ဖြစ်သောကြောင့် နိမ့်သောအဆင့်၏ အထက်တွင်ရှိသည်။

ရပ်ရွာလူထု၏ ကြိုတင်ပြင်ဆင်မှုစွမ်းရည်မှာ အသင့်အတင့်အဆင့်တွင် ရှိသောကြောင့် အားလုံးလွှမ်းခြုံသောစွမ်းဆောင်ရည်အပေါ်တွင် အခြေခံကာ မောင်တောမြို့နယ်၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးရန်နှင့် မြှင့်တင်ပေးရန်အတွက် လူအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် လုပ်ဆောင်ခွင့်များရရှိမှု၊ တန်းတူညီမျှပူးပေါင်းပါဝင်မှု၊ အားလုံးပူးပေါင်းပါဝင်မှု၊ ရယူအသုံးပြုနိုင်မှုနှင့် အဆင့်အတန်း ခွဲခြားခြင်းမရှိမှုတို့ ပါဝင်ရန်လိုအပ်သည်။ တနည်းအားဖြင့်ဆိုသော် HFA စွမ်းဆောင်ရည်အပိုင်းတွင် ဖော်ပြထားသော အမှတ်စဉ် (၁) ဖြစ်သည့်အစိုးရသည် အုပ်ချုပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးနှင့် သက်ဆိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ယန္တရားကို ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် တကမ္ဘာလုံးအဆင့်များတွင် တည်ထောင်ရန်လိုအပ်သည်။ ဤသို့လုပ်ဆောင်ရာတွင် အဖွဲ့အစည်း အားလုံး၏ စီမံခန့်ခွဲမှုကဏ္ဍ၊ ဗဟိုအဆင့်နှင့်ဒေသန္တရအဆင့် အစိုးရဥပဒေပြုရေးတို့နှင့် ပါဝင်ဆောင်ရွက်သူတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာဖော်ပြထားရန်လိုအပ်သည်။ အလုံးစုံလွှမ်းခြုံသော စွမ်းရည်အဆင့်နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ဆက်လက်၍သိရှိလိုပါက အောက်ဖော်ပြပါ စွမ်းဆောင်ရည်ပြမြေပုံတွင် ကြည့်ရှုနိုင်သည်။

## ပုံ (၁၉) မောင်တောမြို့နယ်၏ စွမ်းဆောင်ရည်ပြ မြေပုံ



## ၃. ၁၁ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက် ( Risk Assessment)

ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ် (Risk Assessment) သည် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ် (Hazard) ကို စီစစ်သုံးသပ်ခြင်းနှင့် လူများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အသက်မွေးလုပ်ငန်းများနှင့် ၄င်းတို့မှီတင်းနေထိုင်သည့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုရှိစေနိုင်သော ထိခိုက်ခံရလွယ်သည့် အခြေအနေများ (Vulnerablity) ကို ဆန်းစစ်သုံးသပ်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ (Risk) ၏ သဘောသဘာဝနှင့်အတိုင်းအတာကို လေ့လာသုံးသပ်သည့် နည်းစနစ်ဗေဒ (Methodology) တစ်ရပ်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ပါးရေးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း လုပ်ဆောင်ရာတွင်အရေးပါသောကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်ကို ပြုလုပ်ထားရန် လိုအပ်သည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်ကို မြို့နယ်အတွင်းကျရောက်နိုင်ခြေရှိသော အန္တရာယ်ထိခိုက်ခံရလွယ်မှုတို့ကို ဖော်ထုတ်ပြီးခန့်မှန်းခြေ ဆုံးရှုံးနိုင်ခြေကို တွက်ချက်ရာတွင်အသုံးပြုနိုင်သည်။ ထို့အပြင် လစ်ဟာနေသောကဏ္ဍများ၊ အားနည်းနေသောအချက်များကို ဖော်ထုတ်ခြင်းဖြင့် ဘေးလျှော့ပါးရေးဆိုင်ရာ မဟာဗျူဟာများအတွက် အတိုင်းအတာများ အကြံပြုချက်များ ဖော်ထုတ်နိုင်သည်။

ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ကို အန္တရာယ်အညွှန်းကိန်းသက်ရောက်မှု ခံနိုင်ရည်ရှိသော ပြည်သူလူထုအညွှန်းကိန်း၊ ဆုံးရှုံးမှုအညွှန်းကိန်းနှင့် စွမ်းဆောင်ရည် အညွှန်းကိန်းတို့အပေါ် အခြေပြုတွက်ချက်သည်။

### ၃. ၁၁. ၁ အန္တရာယ်အဆင့်

ဒေသအတွင်းကျရောက်နိုင်သော အန္တရာယ်အမျိုးအစားအလိုက် အညွှန်းကိန်းအရ တွက်ချက်ရရှိလာသော ရာခိုင်နှုန်းအဖြေများအပေါ် အခြေပြုတွက်ချက်သည်။

ဇယား (၁၀) အန္တရာယ်အမျိုးအစားအလိုက် အဆင့်ရရှိမှု

| စဉ် | အန္တရာယ်နှင့်ဖြစ်စဉ် | အန္တရာယ်အဆင့် |
|---|---|---|
| ၁ | ဆိုင်ကလုန်းမုန်တိုင်းဘေး<br>-လေတိုက်မှုနှုန်း- ၁နာရီ မိုင် ၅၀မှ၁၀၀ ကြား<br>-လေတိုက်မှုနှုန်း- ၁နာရီ မိုင် ၁၀၀နှင့်အထက် | <br>အလယ်အလတ်<br>အမြင့် |
| ၂ | ရေကြီးခြင်းဘေး | အမြင့် |
| ၃ | ကျေးလက်နှင့်မြို့ပြမီးဘေး | အလယ်အလတ် |
| ၄ | လေဆင်နှာမောင်း | အမြင့် |
| ၅ | မြေပြိုခြင်းဘေး | အနိမ့် |
| ၆ | ငလျင် | အနိမ့် |

အန္တရာယ်အမျိုးအမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအဆင့်ကို အထက်တွင် ဖော်ပြထားသောပမာဏအတိုင်း သတ်မှတ်ဖော်ထုတ်ထားသည်။

အန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားသည်။ နောက်ဆက်တွဲ (၂၆) တွင် အန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေပြဇယားကို ကြည့်ပါ။

ပုံ (၂၀) မောင်တောမြို့နယ် ဆိုင်ကလုန်းမုန်တိုင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၅၀ - ၁၀၀ ကြား)



**ပုံ (၂၁) မောင်တောမြို့နယ် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၁၀၀ အထက်)**



## ပုံ (၂၂) မောင်တောမြို့နယ် မြို့ပြနှင့်ကျေးလက်/တောမီးဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ



ပုံ (၂၃) မောင်တောမြို့နယ် ငလျင်ဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ



ပုံ (၂၄) မောင်တောမြို့နယ် လေဆင်နှာမောင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ



## ပုံ (၂၅) မောင်တောမြို့နယ် ရေကြီးခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ



ပုံ (၂၆) မောင်တောမြို့နယ် ကမ်းပါးပြိုခြင်းဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ



# အခန်း (၄)

## မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဖွဲ့စည်းထားရှိမှု




## ၄.၁ မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်များဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းထားရှိမှု

မောင်တောမြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီနှင့် ၎င်း၏ လက်အောက်တွင် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန် မြို့နယ်အတွင်းရှိ အင်အားနှင့်လိုအပ်ချက်များပေါ်မူတည်ပြီး ဆပ်ကော်မတီ (၈)ခုကို ဖွဲ့စည်းထားပါသည်။

ပုံ (၂၇) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပုံ




## ၄. ၂ မောင်တောမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဒု ၊ ဥက္ကဌ |
| ၃ | မြို့နယ်မီးသတ်ဦးစီးမှူး | မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |
| ၄ | အမှုဆောင် | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဥပဒေအရာရှိ | မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဆရာဝန် | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးအရာရှိ | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးစီးအရာရှိ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ဦးစီးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်လျှပ်စစ်မှူး | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်ဦးစီးမှူး | မြို့နယ်ပြန်ဆက်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | မြို့နယ်ဦးစီးမှူး | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၅ | မြို့နယ်ဦးစီးမှူး | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ပြည်သူ့အင်အားဆိုင်ရာ | အဖွဲ့ဝင် |
| ၁၆ | ဒု တပ်ရင်းမှူး | မြို့နယ်ကြက်ခြေနီအဖွဲ့ | အဖွဲ့ဝင် |
| ၁၇ | မြို့နယ်ဦးစီးမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | မြို့နယ်ဦးစီးမှူး | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၉ | ဥက္ကဌ | ကုန်သည်ကြီးများအသင်းအဖွဲ့ | အဖွဲ့ဝင် |
| ၂၀ | မြို့နယ်ဦးစီးမှူး | သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ၂၁ | မြို့နယ်ဦးစီးမှူး | မွေးမြူရေးနှင့်ကုသရေးဦးစီဌာန | အဖွဲ့ဝင် |
| ၂၂ | မြို့နယ်ဦးစီးမှူး | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၃ | မြို့နယ်ဦးစီးမှူး | မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၂၄ | တာဝန်ခံ | မြို့နယ်ဆက်သွယ်ရေး၊ကြေးနန်း၊တယ်လီဖုန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၅ | အတွင်းရေးမှူး | မိခင်နှင့် ကလေးအဖွဲ့ | အဖွဲ့ဝင် |
| ၂၆ | အတွင်းရေးမှူး | အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| ၂၇ | မန်နေဂျာ | မြို့နယ်စိုက်ပျိုးရေးဘဏ် | အဖွဲ့ဝင် |

## ၄.၂.၁ မောင်တောမြို့သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီဖွဲ့စည်းထားရှိမှု

### ၁။ သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ပြန်ဆက်ဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | မြို့နယ်ဆက်သွယ်ရေး၊ ကြေးနန်း၊ စာတိုက်၊တယ်လီဖုန်းဦးစီးဌာန | တာဝန်ခံ | အဖွဲ့ဝင် |
| ၃ | မြို့မရဲစခန်း | စခန်းမှူး | အဖွဲ့ဝင် |
| ၄ | သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး | အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၅ | မြန်မာနိုင်ငံရဲတပ်ဖွဲ့( သတင်းတပ်ဖွဲ့) | ဒု - ရဲမှူး | အဖွဲ့ဝင် |
| ၆ | မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၇ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၈ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |

## ၂။ ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ရဲတပ်ဖွဲ့မှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | မီးသတ်ဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၃ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု-ဦးစီး | အဖွဲ့ဝင် |
| ၄ | မြို့နယ်ကြက်ခြေနီအဖွဲ့ | ဒု - တပ်ရင်းမှူး | အဖွဲ့ဝင် |
| ၅ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | လ/ထ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ၆ | စည်ပင်သာယာရေးအဖွဲ့ | လ/ထ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ၇ | ရပ်ကွက်အုပ်ချုပ်ရေးမှူး | | အဖွဲ့ဝင် |

## ၃။ အရေးပေါ်အခြေအနေ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အမှုဆောင်အရာရှိ | အဖွဲ့ခေါင်းဆောင် |
| ၂ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု -မြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၃ | မြန်မာနိုင်ငံရဲတပ်ဖွဲ့(မြို့မရဲစခန်း) | စခန်းမှူး | အဖွဲ့ဝင် |
| ၄ | မ. ထ. သ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၅ | ရေယာဉ် (မော်တော်ဘုတ်) | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၆ | မြတ်လေးပန်း | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၇ | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | လ/ထ ဦးစီး | အဖွဲ့ဝင် |
| ၈ | မြို့နယ်လမ်းဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၉ | မိခင်နှင့်ကလေးစောင့်ရှောက်ရေး | အတွင်းရေးမှူး | အဖွဲ့ဝင် |
| ၁၀ | အမျိုးသမီးရေးရာအဖွဲ့ | အတွင်းရေးမှူး | အဖွဲ့ဝင် |
| ၁၁ | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဒုဦးစီး | အဖွဲ့ဝင် |

## ၄။ ပျက်စီးဆုံးရှုံးမှုစာရင်းဇယားကောက်ယူရေးနှင့် အတည်ပြုရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | ပညာရေးမျူးရုံး | မြို့နယ်ပညာရေးမှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ပြည်သူ့အင်အားဆိုင်ရာ | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၃ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၄ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၅ | မီးသတ်ဦးစီးဌာန | လက်ထောက်ဦးစီး | အဖွဲ့ဝင် |
| ၆ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၇ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၈ | စာရင်းစစ်ရုံး | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၉ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | စခန်းမှူး | အဖွဲ့ဝင် |
| ၁၀ | ဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၁ | သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး | | အဖွဲ့ဝင် |

## ၅။ အရေးပေါ်အခြေအနေရွှေ့ပြောင်းရေးနှင့် ခိုလှုံရာစီမံခန့်ခွဲရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | မြို့နယ်မှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၃ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | ဒု - ဦးစီး | အဖွဲ့ဝင် |
| ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၅ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၆ | နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၇ | သစ်တောဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၈ | မီးသတ်ဦးစီးဌာန | မြို့နယ်တာဝန်ခံ | အဖွဲ့ဝင် |
| ၉ | မြို့နယ်ကြက်ခြေနီအဖွဲ့ | တပ်ခွဲမှူး | အဖွဲ့ဝင် |
| ၁၀ | ပြည်တွင်းအခွန်ဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၁၁ | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ပြည်သူ့အင်အားဆိုင်ရာ | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၁၂ | ရပ်ကွက်အုပ်ချုပ်ရေးမှူး | | အဖွဲ့ဝင် |

## ၆။ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ခရိုင်မှူး | အဖွဲ့ဝင် |
| ၃ | မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | လမ်းဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၅ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | လျှပ်စစ်မှူး | အဖွဲ့ဝင် |
| ၆ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဦးစီးအရာရှိနည်းပညာ | အဖွဲ့ဝင် |
| ၇ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ဦးစီးအရာရှိနည်းပညာ | အဖွဲ့ဝင် |
| ၈ | ပညာရေးမှူးရုံး | လ/ထမြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၉ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | လ/ထ ဦးစီး | အဖွဲ့ဝင် |
| ၁၀ | သစ်တောဦးစီးဌာန | တောအုပ် | အဖွဲ့ဝင် |
| ၁၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၂ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | မြို့နယ်ကျန်းမာရေးမှူး | အဖွဲ့ဝင် |
| ၁၃ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၁၄ | မြို့နယ်ကြက်ခြေနီအဖွဲ့ | တပ်ခွဲမှူး | အဖွဲ့ဝင် |
| ၁၅ | အားကစားနှင့် ကာယပညာဦးစီးဌာန | တာဝန်ခံ | အဖွဲ့ဝင် |

## ၇။ ကျန်းမာရေးစောင့်ရှောက်ရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | မြို့နယ်ကျန်းမာရေးမှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၃ | တိုင်းရင်းဆေးဌာန | မြို့နယ်တိုင်းရင်းဆေးမှူး | အဖွဲ့ဝင် |
| ၄ | မြို့နယ်ကြက်ခြေနီအဖွဲ့ | တပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၅ | အမျိုးသမီးရေးရာအဖွဲ့ | အတွင်းရေးမှူး | အဖွဲ့ဝင် |
| ၆ | ရပ်ကွက်အုပ်ချုပ်ရေးမှူး | | အဖွဲ့ဝင် |

၈။ အလှူငွေထောက်ပံ့ရေးနှင့် ပစ္စည်းလက်ခံရေး ဆပ်ကော်မတီ

| စဉ် | ဌာနဆိုင်ရာအမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| ၂ | သမဝါယမဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၃ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စာရင်းစစ်ဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၅ | ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၆ | ပြည်တွင်းအခွန်ဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၇ | သာသနာထွန်းကာဖြန့်ဖြူးရေးဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| ၈ | စားသုံးသူနှင့်ကုန်သွယ် မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၉ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု - မြို့နယ်ဦးစီး | အဖွဲ့ဝင် |
| ၁၀ | ငါးလုပ်ငန်းဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၁ | မြတ်လေးပန်း | ဉက္ကဌ | အဖွဲ့ဝင် |
| ၁၂ | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ပြည်သူ့အင်အားဆိုင်ရာ | လ/ထ မြို့နယ်မှူး | အဖွဲ့ဝင် |
| ၁၃ | ရပ်ကွက်အုပ်ချုပ်ရေးမှူး | | အဖွဲ့ဝင် |

## ၄. ၃ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများ၏တာဝန်နှင့်ဝတ္တရားများ

### ၄. ၃. ၁. မောင်တောမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

**ဘေးမကျရောက်မီ**

၁. မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များသည် ပုံမှန်အစည်းအဝေးများ ဆွေးနွေးပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကဲ့သို့သော ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးရသတင်းအချက်အလက်များကို မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များကိုဖြန့်ဝေပေးခြင်း။

၂. မြို့နယ်ဒေသဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပက်သက်သော လေ့လာအကဲဖြတ်ဆန်းစစ်ချက်များတွင် ကူညီပံ့ပိုးပေးခြင်းနှင့် ဒေသဆိုင်ရာ အချက်အလက်များရရှိအောင် မြို့နယ်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပံ့ပိုးကူညီပေးခြင်း။

၃. ပြောင်းလဲနေသော အခြေအနေလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များကို ပုံမှန်ပြန်လည်ဆန်းစစ် သုံးသပ်ခြင်းနှင့်ပြန်လည်စိစစ်တည်းဖြတ်ခြင်း။

၄။ ဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ဌာနဆိုင်ရာ (သို့) ပြည်သူလူထု အားလုံးသိရှိလာအောင်စည်းရုံးပေးခြင်း။
၅။ သက်ဆိုင်ရာဌာနဆိုင်ရာအဆင့်များ၊ ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကြိုတင်သတိပေး အချက်အလက်များဖြန့်ဝေပေးခြင်း၊ နည်းဗျူဟာများကို ဖော်ထုတ်ခြင်း။
၆။ ဆပ်ကော်မတီဝင်အဖွဲ့ဝင်များအား ၎င်းတို့၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့် လျော်ညီစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အကူအညီပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း။
၇။ မြို့နယ်ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းလုပ်ဆောင်ရန် ရည်မှန်းထားသော ကာလအတိုင်းအတာအတွင်း ပြီးမြောက်အောင် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးခြင်း။
၈။ ဒေသဆိုင်ရာမြို့နယ်များတွင် ဘေးအန္တရာယ်နှင့်ပက်သက်သော အသိပညာဗဟုသုတများတိုးတက်ကောင်းမွန်လာစေရန်အတွက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နေသော နယ်ပယ်အသီးသီးမှ ဒေသခံအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လိုအပ်သော လမ်းညွှန်ချက်အကြံပြုချက်များပေးပြီး ဘေးအန္တရာယ်လျော့ပါးရေး အစမ်းဇာတ်တိုက် လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခြင်း။
၉။ ခရိုင်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများနှင့် ချိတ်ဆက်ပြီး ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပြီး လိုအပ်သော အကြံပြုချက်များရယူခြင်း။
၁၀။ မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်စုဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်မှုနှင့် ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်း။
၁၁။ သဘာဝဘေးမကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီး လုပ်ဆောင်ရန် လုပ်ငန်းစဉ်များနှင့်ဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်၊ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီများအား တာဝန်နှင့်ဝတ္တရားများ သတ်မှတ်ပေးထားခြင်း။
၁၂။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲရန်အတွက်လိုအပ်သော အကူအညီများပေးခြင်း။

## ဘေးကျရောက်နေစဉ်

၁။ ဘေးကျရောက်နေစဉ်ကာလအတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရယူဆောင်ရွက်ခြင်း။
၂။ ဆပ်ကော်မတီအသီးသီးနှင့် အစည်းဝေးများပြုလုပ်ဆောင်ရွက်ပြီး ကွပ်ကဲရေးရုံး ဖွင့်လှစ်ဆောင်ရွက်ခြင်း။
၃။ ဆပ်ကော်မတီအသီးသီးအား လိုအပ်သည်များကို လမ်းညွှန်ချက်များပေးခြင်း။
၄။ ဘေးသင့်ပြည်သူများကို ဘေးကင်းရာသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရန် လမ်းညွှန်ချက်များပေးခြင်း။

## ဘေးကျရောက်ပြီးနောက်

၁။ ဖြစ်ပေါ်ခဲ့သည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ပြောင်းလဲမှုများကို ဆပ်ကော်မတီအလိုက် စာရင်းမှတ်တမ်းတင်ညွှန်ကြားရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာပြည်နယ်၊ ခရိုင်သို့တင်ပြဆောင်ရွက်ခြင်း။
၂။ အရေးပေါ်အခြေအနေများတွင် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါးစသည်များရရှိနိုင်ရန် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအသင်းအဖွဲ့များ (UN/INGO) များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
၃။ အလှူငွေလက်ခံရရှိမှုနှင့်ပစ္စည်းဖြန့်ဝေမှုများကို ဘေးသင့်ပြည်သူများထံသို့ စနစ်တကျထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးအားလမ်းညွှန်မှုများပေးခြင်း။

၄။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့သော ဘေးအန္တရာယ်များကိုသင်ခန်းစာယူပြီး ပိုမိုကောင်းမွန်ပြီးဘေးကင်းလုံခြုံသော အဆောက်အဦးများဆောက်လုပ်ရန် လမ်းညွှန်မှုများပေးခြင်း။

## ၄.၃.၂ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဆပ်ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

### ၁။ သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်တီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဘေးအန္တရာယ်မကျရောက်မီ မိုးလေဝသနှင့်ဇလဗေဒမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများအား ပြည်သူများဆီသို့ အချိန်နှင့်တပြေးညီသိရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။

၂။ မြို့နယ်အဆင့်မှ ကျေးရွာအဆင့်သို့သိရှိစေရေအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဖုန်းနံပါတ်များ စာရင်း ပြုစုထားရန်။

၃။ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတဆင့် ပြည်သူများဆီသို့ ဘေးအန္တရာယ်သတင်းများရရှိစေရန် အသံချဲ့စက်များ၊ လက်ကိုင်စပီကာများဖြင့်ဆော်ဩပြီး ကြိုတင်ပြင်ဆင်ထားရှိရန်။

၄။ ဘေးအန္တရာယ်မကျရောက်မီ ရွှေ့ပြောင်းခိုလှုံမည့်နေရာနှင့် လမ်းကြောင်းများအား ပြည်သူများ သိရှိအောင် ကြိုတင်သတိပေးထားရန်။

၅။ သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီမှရပ်ကွက်နှင့် ကျေးရွာအလိုက် သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေပေးရန် ။

၆။ ဘေးအန္တရာယ်ကျရောက်နေစဉ် တယ်လီဖုန်းလိုင်းများပြတ်တောက်ပါက အရေးပေါ် ဆက်သွယ်နိုင်ရန် အတွက် ICOMများ နှင့် အရေးပေါ်ဆက်သွယ်နိုင်ရန် ပြင်ဆင်ထားရှိရန်။

**ဘေးကျရောက်နေစဉ်**

၁။ ဘေးအန္တရာယ်ကျရောက်နေစဉ် အခြေအနေကို အချိန်နှင့်တပြေးညီ သိရှိအောင်သတင်းပေးပို့ရန် ။

၂။ သတင်းရယူပြီးရရှိလာသော သတင်းများအားအထက်ဌာနအဖွဲ့အစည်းသို့ တင်ပြရန်။

**ဘေးကျရောက်ပြီး**

၁။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြည်သူများသိရှိနိုင်ရန်အတွက် နောက်ဆုံးရသတင်းများကို အချိန်နှင့် တစ်ပြေးညီ ကြေငြာပေးရန်။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးနှင့် အတည်ပြုရေးကော်မတီဝင်များမှ ရရှိလာသောသတင်းများအား သက်ဆိုင်ရာအဖွဲ့စည်းများ ဒေသဆိုင်ရာအာဏာပိုင်မှ အထက်အဆင့်သို့တင်ပြအတည်ပြုချက်ရယူကာ သတင်ထုတ်ပြန်ပေးရန်။

၃။ ဘေးအန္တရာယ်ကျရောက်ပြီးနောက်မိသားစုများပြန်လည်ပေါင်းစပ်နိုင်ရေးအတွက် ယာယီဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးစခန်းများဖွင့်လိုက်ဆောင်ရွက်ပေးရန်။

၄။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သတ်သောသတင်းများအား မှတ်တမ်းတင် သိမ်းဆည်းထားရန်။

## ၂။ ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဘေးအန္တရာယ်မကျရောက်မီ ပြည်သူလူထုများအား ရှာဖွေကယ်ဆယ်ရေး အသိပညာပေးနှိုးဆော်ပေးခြင်းနှင့် ရပ်ရွာလူထုများနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရန်။

၂။ ဘေးအန္တရာယ်မကျရောက်မီ ခိုင်မာသောအဆောက်အအုံ ခိုလှုံမည့်နေရာများကို သတ်မှတ်ဖော်ထုတ်ထားခြင်းနှင့် အရေးပေါ်စားနပ်ရိက္ခာများစီစဉ်ထားရှိရန်။

၃။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် အသုံးပြုမည့် ပစ္စည်းကိရိယာများအား ကြိုတင်ပြင်ဆင်ထားရှိပြီး လေ့ကျင့်သင်ကြားထားရန်။

၄။ ခိုလှုံမည့်နေရာများနှင့် ဝင်ဆံ့မည့်အရေအတွက်များအား သတ်မှတ်ဖော်ထုတ်ထားခြင်း။ ထိခိုက်ခံရလွယ်သောအုပ်စုများအား စာရင်းပြုစုထားရန်။

၅။ ဘေးကျရောက်နေစဉ် အရေးကြီးပစ္စည်းစာရွက်များကို မိမိနှင့်တပါတည်း ယူဆောင်နိုင်ရန်အတွက် တိုက်တွန်းအသိပေးနှိုးဆော်ထားရန်။

၆။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်မည့်ဌာနဆိုင်ရာ ဖုန်းနံပါတ်များ ကြိုတင်ပြုစုထားရန်။

၇။ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် ဘေးလျော့ပါးရေးလုပ်ငန်းများအား ရပ်ရွာအဆင့်အသိပညာပေးဟောပြောထားရှိရန်။

**ဘေးကျရောက်နေစဉ်**

၁။ ကလေးသူငယ်များ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ ကိုယ်ဝန်ဆောင်များအား လုံခြုံသည့်နေရာသို့ ဦးစားပေးပြောင်းရွှေ့နေရာချထားပေးရန်။

၂။ ဘေးအန္တရာယ်ကျရောက်နေချိန်တွင် သတ်မှတ်ထားသည့်နေရာမှ အခြားနေရာသို့ ထွက်ခွာမသွားရန် ကြပ်မတ်ထိန်းသိမ်းပေးရန်။

၃။ ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုနေရာသို့ အချိန်မီပို့ဆောင်ပေးရန်။

၄။ ဘေးအန္တရာယ်ကျရောက်နေစဉ် ရပ်ရွာလူထု၏ လုံခြုံရေးများကိုဆောင်ရွက်ပေးရန်။

**ဘေးကျရောက်ပြီး**

၁။ ဘေးကျရောက်ပြီးသွားအခါ မိမိနေထိုင်ရာနေရာ(သို့) ယာယီကယ်ဆယ်ရေးစခန်းများသို့ နေရာချထားပေးရန်။

၂။ ယာယီကယ်ဆယ်ရေးစခန်းတွင် ရပ်ရွာလူထုများ၏ လုံခြုံမှု ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်။

၃။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အဆောက်အဦးအပျက်အစီးများအား ရှင်းလင်းဆောင်ရွက်ပေးရန်။

၄။ ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်။

၅။ ပျောက်ဆုံးသူ၊ သေဆုံးသူစာရင်းများအား စာရင်းကောက်ယူအတည်ပြုပြီး သက်ဆိုင်ရာကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၆။ ဘေးသင့်ပြည်သူများကို နှစ်သိမ့်အားပေးစကား ပြောကြားဆောင်ရွက်ရန် ။

## ၃။ အရေးပေါ်ကာလ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဆပ်ကော်မတီဝင်များ အစည်းဝေးများပြုလုပ်ဆောင်ရွက်ရန်။
၂။ အရေးပေါ်ဖြစ်ပေါ်လာပါက လမ်းကြောင်းရှင်းလင်းနိုင်ရေးအတွက် လိုအပ်သောပစ္စည်း ကိရိယာများကို သိုလှောင်သိမ်းဆည်းထားရှိခြင်း (ပေါက်တူး၊ ပေါက်ပြား၊ လွှ) သယ်ယူပို့ဆောင်နိုင်ရန် ရေယာဉ်များ၊ မော်တော်ယာဉ် (အကြီး၊ အသေး) လိုအပ်သည့်စာ ရင်းများကို စီစဉ်ဆောင်ရွက်ထားရန်။
၃။ စက်သုံးဆီများကို ယာဉ်အမျိုးအစားလမ်းကြောင်းများအလိုက် စာရင်းများတွက်ချက်ပြီး အဆင်သင့်စီစဉ် ထားရှိရန်။
၄။ အရေးပေါ်ဖြစ်လာပါက အလွယ်တကူပို့ဆောင်နိုင်ရန် ဘေးအန္တရာယ်ကင်းရှင်းသော လမ်းကြောင်းများကို ဖော်ထုတ်ထားရှိရန်။
၅။ စားနပ်ရိက္ခာ၊ ဆေးဝါးများ ထောက်ပံ့ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြတောင်းခံထားရှိရန်။
၆။ ရပ်ကွက်ကျေးရွာအလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ကြိုတင်စာရင်းပြုစုထားရန်။
၇။ ကယ်ဆယ်ရေးပစ္စည်းများအား စနစ်တကျဖြန့်ဖြူးနိုင်ရန်အတွက် လုံခြုံရေးစိတ်ချရသည့်နေရာများဖော်ထုတ် ထား ရန်။
၈။ အခြား ဆပ်ကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

**ဘေးကျရောက်နေစဉ်**

၁။ လက်ရှိအခြေအနေသတင်းအချက်လက်များစုဆောင်ထားရှိပြီးပေးပို့ဆောင်ရွက်ရန်။
၂။ ကော်မတီဝင် အချင်းချင်းများချိတ်ဆက်မှုမပြတ်အောင်ဆောင်ရွက်ပေးရန်။
၃။ ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပေးနိုင်သည့်နေရာသို့ အချိန်မှီပို့ဆောင်ပေး ရန်။

**ဘေးကျရောက်ပြီး**

၁။ လမ်းကြောင်းရှင်းလင်းရေးနှင့် ထောက်ပံ့ပစ္စည်းများအား သတ်မှတ်ရာနေရာသို့ ပေးပို့ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန်။
၂။ လုံခြုံရေးကောင်းမွန်ရေးအတွက် လမ်းကြောင်းတလျှောက်စီစဉ်ဆောင်ရွက်ပေးရန်။
၃။ ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုနေရာသို့ အချိန်မှီပို့ဆောင်ပေးရန်။
၄။ မိသားစုဝင်များနှင့် ၎င်းတို့၏ပစ္စည်းများအား ယာယီခိုလှုံရာနေရာများသို့ အချိန်မှီရောက်ရှိအောင်ဆောင် ရွက်ပေးရန်။
၅။ ပျက်စီးဆုံးရှုံးမှု စာရင်းဇယားများကို ကောက်ယူရာတွင် ကူညီဆောင်ရွက်ပေးရန်။
၆။ ခိုင်ခံ့သောအဆောက်အအုံများ၊ ဆေးပေးခန်းများသို့ သွားလာရေးလမ်းကြောင်းများ အချိန်မီရှင်းလင်းပေး ရန်။
၇။ အခြားထပ်မံလိုအပ်ချက်ရှိပါက အချိန်မီပေးပို့နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲရေးကော်မတီသို့ တင်ပြထားရန် ။

၄။ ပျက်စီးဆုံးရှုံးမှုစာရင်းဇယားကောက်ယူရေးနှင့် အတည်ပြုရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဆပ်ကော်မတီများ အဖွဲ့ခွဲများဖွဲ့ပြီး လုပ်ငန်းစဉ်များအား တာဝန်သတ်မှတ်ပြီး စာရင်းရေးသွင်းနည်းစနစ်များ ဆောင်ရွက်ထားရန်။
၂။ သက်ဆိုင်ရာဌာနများမှ လက်ရှိလူ၊ တိရစ္ဆာန်၊ အများပိုင်အဆောက်အဦး၊ အမျိုးအစားများ အလိုက်စာရင်း ကြိုတင်တောင်ခံထားရှိရန်။
၃။ ပျက်စီးဆုံးရှုံးမှုကောက်ယူမည့် စာရင်းပုံစံများကို ဆပ်ကော်မတီဝင်မှတဆင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေး မှူး ဆီသို့ဖြန့်ဝေထားရှိရန်။
၄။ လိုအပ်သော ဖုန်းနံပါတ်များကို စုဆောင်ထားရှိရန် (ကျေးရွာအုပ်စု ၊အုပ်ချုပ်ရေးမှူးနှင့် ယာယီတာဝန်ခံမှု)။

**ဘေးကျရောက်နေစဉ်**

၁။ အခြား ဆပ်ကော်မတီဝင်များမှ သတင်းအချက်လက်များကိုကောက်ယူပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ထားရှိရန်။
၂။ သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ပြီး သတင်းများရယူထားရန်။

**ဘေးကျရောက်ပြီး**

၁။ ဘေးအန္တရာယ်ဖြစ်ပြီးနောက် ဒေသများသို့သွားရောက်ပြီး တိကျသော ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူ ဆောင်ရွက်ရန်။
၂။ ရရှိလာသော ပျက်စီးဆုံးရှုံးမှုစာရင်းများကို အထက်သက်ဆိုင်ရာအဖွဲ့စည်းများသို့ တင်ပြရန်။
၃။ ရရှိလာသော ပျက်စီးဆုံးရှုံးမှုအချက်လက်များကို သေချာစွာပြုစုသိမ်းဆည်းပြီး အပြီးသတ်စာရင်းများကို အစီရင်ခံတင်ပြရန်။
၄။ ဆပ်ကော်မတီအဖွဲ့ခွဲများနှင့် ရပ်ကျေးမှကောက်ယူတင်ပြထားသော စာရင်းများကို ကော်မတီအဖွဲ့ခေါင်း ဆောင်မှ ပြန်လည်စစ်ဆေးအတည်ပြုပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်။

၅။ အရေးပေါ်ကာလရွှေ့ပြောင်းရေးနှင့်ခိုလှုံရာစီမံခန့်ခွဲရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဘေးအန္တရာယ်အရေးပေါ် သတင်းအချက်လက်ရရှိသည်နှင့် တပြိုင်နက် သယ်ဆောင်ရန်၊ ပစ္စည်းကိရိယာ များကို ကြိုတင်ပြင်ဆင်ထားရန်။
၂။ ဘေးအန္တရာယ် ကျရောက်လာပါက ခိုလှုံမည်နေရာများ သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသည့်နေရာ များသို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် လမ်းကြောင်းများ သတ်မှတ်ပေးရန်။
၃။ ခိုလှုံမည့်ပြည်သူများရောက်ရှိလာပါက အရေးပေါ်စားသုံးနိုင်ရန်အတွက် ရိက္ခာများစီမံထားရှိရန်။
၄။ ပြည်သူလူထုများနှင့်ပူးပေါင်းပြီး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်းနှင့် အသိပညာပေးရန်။
၅။ ဘေးကျရောက်ပါက ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်သော နေအိမ်၊ ခိုင်ခံ့သောအဆောက်အဦးများ၊ တောင်ကုန်းများ (ဘေးလွတ်ရာနေရာ) စသည့်နေရာများ အားဖော်ထုတ်ထားရှိရန်။
၆။ မြို့နယ်အတွင်းရှိ ရပ်ရွာလူထုနှင့် ခိုလှုံရာနေရာတွင် ဝင်ဆံ့မည့်အင်အားနှင့် လိုအပ်ချက်များကို စာရင်းပြုစု ဖော်ထုတ်ထားရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ ကော်မတီဝင်သို့တင်ပြထားရှိရန်။

၇။ ခိုလှုံရာနေရာများတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ (ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဆေးဝါး၊ သောက်သုံးရေရရှိရေး၊ အိမ်သာသုံးစွဲရေး၊ အမှိုက်စွန့်ပစ်ရေး၊ လုံခြုံရေး၊ မီးရရှိရေးစသည့် လုပ်ငန်းစဉ်များကိုဖော်ထုတ်ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ကော်မတီသို့ တင်ပြထားရှိရန်။

၈။ အရေးပေါ်ကာလတွင် ယာယီနေထိုင်နိုင်ရန်နှင့် ယာယီရွှက်ဖျင်တဲများထောက်ပံ့ပေးနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်သည့် လူမှုရေးအသင်းအဖွဲ့၊ ပရဟိတလုပ်ငန်းရှင်များ (INGO/NGO) အဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်ထားရန်။

**ဘေးကျရောက်နေစဉ်**

၁။ အခြားဆပ်ကော်မတီဝင်များနှင့်ပူးပေါင်းကာ ဘေးသင့်ဒေသမှ ဒေသခံပြည်သူများအား လုံခြုံစိတ်ချရသည့် ခိုလှုံရာများသို့ ရောက်ရှိရန်စီစဉ်ဆောင်ရွက်ပေးရန်။

၂။ သတ်မှတ်လမ်းကြောင်းများ ခိုလှုံရာနေရာများတွင် လုံခြုံရေးဆောင်ရွက်ပေးခြင်း။

၃။ ခိုလှုံမည့်နေရာများသို့ ရောက်ရှိလာသောသူများကို စာရင်းပြုစုဆောင်ရွက်ထားရန်။

**ဘေးကျရောက်ပြီး**

၁။ ဘေးအန္တရာယ်ကင်းရှင်းကြောင်း သတင်းရရှိပါက သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အတူ အခြားသက်ဆိုင်ရာ အဖွဲ့စည်းများနှင့်ပူးပေါင်းပြီး မိမိနေရာများသို့ ပြန်လည်နေရာချထားပေးရန်။

၂။ ယာယီခိုလှုံရေးစခန်းများတွင် လုံခြုံရေးဆောင်ရွက်ပေးရန်။

၃။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကလေး၊ မသန်းစွမ်းသူ ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအား လိုအပ်ချက်များကို ဆောင်ရွက်ပေးရန်။

၄။ ခိုလှုံရာနေရာများသို့ရောက်ရှိနေသည့် ဘေးသင့်ပြည်သူများအတွက် (စားဝတ်နေရေး၊ ကျန်းမာရေး၊ ရေရရှိရေးစသည့် လိုအပ်သည့်ပစ္စည်းများအား ထောက်ပံ့ကူညီ ဆောင်ရွက်ပေးရန်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ယာယီဆေးပေးခန်းများ ဖွင့်လှစ်ပေးခြင်းနှင့် လိုအပ်ပါကအထက်အဆင့်သို့ လွှဲပြောင်းပေးရန်။

၆။ ကွဲကွာနေသောမိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရန် ယာယီဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်။

၇။ ခိုလှုံသည့်နေရာများတွင် ရောက်ရှိလာသော ပြည်သူလူထုများအား စာရင်းများကောက်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာ ဆပ်ကော်မတီဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်။

## ၆။ ပြန်လည်ထူထောင်ရေးနှင့်ပြည်လည်နေရာချထားရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ အိမ်ထောင်စုနှင့် လူဦးရေစာရင်းများ၊ ထိခိုက်လွယ်သော စက်ရုံ၊ အလုပ်ရုံ၊ လမ်းတံတား၊ ပြည်သူပိုင်အဆောက် အဦးစာရင်းများကို သက်ဆိုင်ရာဆပ်ကော်မတီဝင်များနှင့်ရယူပြီး စာရင်းများအား ကြိုတင်ပြင်ဆင်ထားရန်။

၂။ သဘာဝဘေး လျော့ပါးသက်သာစေရန် လေဒဏ်၊ မိုးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အဦးများဆောက်လုပ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရန်။

၃။ ကြက်၊ ကျွဲ၊ နွား၊ ဝက်၊ လယ်ယာသုံးပစ္စည်းကိရိယာများ၏ စာရင်းများကို သက်ဆိုင်ရာ ကော်မတီဝင်များမှ စာရင်းဇယားများ ရယူထားရန်။

၄။ ဘေးအန္တရာယ်မကျရောက်မီ ဘေးအန္တရာယ်နှင့် ပတ်သတ်သည့် အကြောင်းအရာ အချက်အလက်များကို ပြည်သူလူထုထံအချိန်မှီရှိအောင် နှိုးဆော်ထားရန်။
၅။ လိုအပ်သော ဖုန်းနံပါတ်များကို စာရင်းပြုစုထားရန်။

**ဘေးကျရောက်နေစဉ်**

၁။ ဘေးအန္တရာယ်ဖြစ်နေသောအချိန်တွင် တာဝန်ကျကော်မတီဝင်များသည် တခြားနေရာသို့ ထွက်မသွားဘဲ သတင်းအချက်လက်များကို သိရှိရန်ဆောင်ရွက်ခြင်း။
၂။ တစ်ခြားကော်မတီအဖွဲ့ဝင်များနှင့် ချိတ်ဆက်မှုမပြတ်အောင် ဆောင်ရွက်ခြင်း။
၃။ ခိုလှုံရန်ရောက်ရှိလာသူများကို စာရင်းများပြုစုဆောင်ရွက်ခြင်း။
၄။ ဘေးအန္တရာယ်အမျိုးအစားပေါ်မူတည်၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ အဓိကကော်မတီနှင့် ချိတ်ဆက်ပြီး လိုအပ်သည့်များကိုပူးပေါင်းဆောင်ရွက်ရန်။

**ဘေးကျရောက်ပြီး**

၁။ အတည်ပြုပြီးသော ပျက်စီးဆုံးရှုံးမှုစာရင်းအရ စိစစ်ပြီးလိုအပ်သော ထောက်ပံ့ပစ္စည်းများကို ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်။
၂။ ဘေးသင့်မိသားစုများအား မူလနေရာတွင် ပြန်လည်မထားနိုင်ပါက နေရာသစ်ရွေးချယ်ပြီး ပြောင်းရွှေ့နေရာချထားပေးရန်။
၃။ စီးပွားရေးပျက်စီးဆုံးရှုံးသော မိသားစုများအား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ဆောင်နိုင်ရန် မြို့နယ်ကော်မတီဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
၄။ ရေရှည်၊ ရေတိုလုပ်ငန်းများကို ပြီးဆုံးအောင်လုပ်ဆောင်ရန် (ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး) ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်များကို ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်။
၅။ ပျက်စီးသွားသော အများပိုင်အဆောက်အဦး (စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်း) များအား ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်ပြီး ဘေးကင်းလုံခြုံစိတ်ချရသော အဆောက်အဦးများ ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် အထက်အဆင့်သို့တင်ပြရန်။
၆။ သက်ဆိုင်ရာ ဆပ်ကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ။

## ၇။ ကျန်းမာရေးစောက်ရှောက်ရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရာက်မီ**

၁။ လိုအပ်သော လူအင်အားနှင့်ဆေးဝါး၊ပစ္စည်းများကြိုတင်စုဆောင်ထားရှိရန်။
၂။ ကျေးရွာအဆင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရန်။
၃။ ဆပ်ကော်မတီဝင်များအားကျန်းမာရေးပိုင်ဆိုင်ရာကြိုတင်လေ့ကျင်းပြီး သင်တန်းများ ပေးထားရန်။
၄။ ဘေးအန္တရာယ်များနှင့်ပတ်သတ်ပြီး သတင်းအချက်လက်များနှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ထားရှိရန်။
၅။ ယာယီဆေးပေးခန်းဖွင့်လှစ်မည့်နေရာများ ကြိုတင်ပြင်ဆင်ထားရန်။
၆။ စေတနာ့ဝန်ထမ်းများ ရွေးချယ်ပြီး ရှေးဦးပြုစုရေးသင်တန်းများ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ရေး သင်တန်းများအား ပို့ချထားရန်။
၇။ အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်နိုင်ရန် လူနာတင်ယာဥ်၊ စက်လှေများရရှိနိုင်ရန် သက်ဆိုင်ရာကော်မတီဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။

**ဘေးကျရောက်စဉ်**

၁။ ဘေးအန္တရာယ်ကျရောက်နေစဉ် အရေးပေါ်သတ်မှတ်နေရာတွင် ကျန်းမာရေးဆပ်ကော်မတီမှ အချိန်မှီ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန်။
၂။ ကလေး၊ သက်ကြီးရွယ်အိုများနှင့် မသန်းစွမ်းသူများ၊ ကိုယ်ဝန်ဆောင်များကို ဦးစားပေးကျန်းမာရေးစောင့် ရှောက်မှုပေးရန်။
၃။ အခြားကော်မတီဝင်များနှင့် ချိတ်ဆက်ထားရန် ။
၄။ ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်လက်များကိုရယူပြီး ဆေးဝါးများရရှိနိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်း။

**ဘေးကျရောက်ပြီး**

၁။ အသက်အန္တရာယ် စိုးရိမ်သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား အမြန်ကုသနိုင်ရေးအတွက် နီးစပ်ရာ ကျန်းမာရေး ဌာနသို့ပို့ဆောင်ရန်။
၂။ အရေးပေါ်လူနာများအတွက် ခွဲစိတ်ကုသနိုင်အောင်ဆေးရုံများတွင် စီစဉ်ထားရှိရန်။
၃။ ကူးစက်ရောဂါမဖြစ်ပွါးစေရန် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
၄။ တကိုယ်ရေသန့်ရှင်းရေးနှင့် သန့်ရှင်းသောအစားအသောက် သောက်သုံးရေသန့်များ ရရှိနိုင်ရန်အတွက် ကျန်းမာရေးပညာပေးခြင်း ဆောင်ရွက်ပေးခြင်း။
၅။ ရေထွက်ပင်ရင်းများအား ရှင်းလင်းပြီး ပိုးသတ်ဆေးဖြန်းခြင်း ဆောင်ရွက်ရန်။
၆။ ဘေးအန္တရာယ်သင့်သူများအား နှစ်သိမ့်ဆွေးနွေးပညာပေး ဆောင်ရွက်ရန်။
၇။ ကူးစက်ရောဂါ ဖြစ်ပွားမှုရှိ၊ မရှိစဉ်ဆက်မပြတ်စုံစမ်းထောက်လှမ်းခြင်း ဆောင်ရွက်ရန်။
၈။ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာသို့အစီရင်ခံတင်ပြရန်။
၉။ ဆေးဝါးများနှင့်ပတ်သတ်၍ ဆေးဝါးလိုအပ်ပါက ပြည်နယ်၊ ခရိုင်၊ အထက်ကျန်မာရေးအရာ ရှိထံသို့တင်ပြ တောင်းခံရန်။
၁၀။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်း ၊အခြားအဖွဲ့အစည်းများ အန်ဂျီအိုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် သွားရန်။

## ၈။ အလှူငွေထောက်ပံ့ရေးနှင့်ပစ္စည်းလက်ခံရေး ဆပ်ကော်မတီမှ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ

**ဘေးမကျရောက်မီ**

၁။ ဆပ်ကော်မတီဝင်များ အစည်းဝေးကျင်းပခြင်း။
၂။ အလှူငွေရရှိနိုင်မည် ပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသအတွင်း ဆောင်ရွက်နေသော ပြည်တွင်း၊ ပြည်ပအဖွဲ့စည်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ အခြားအဖွဲ့အစည်းဖြစ်သော UN/INGO အဖွဲ့စည်းများအား စာရင်းပြုစုထားရန်။
၃။ အလှူငွေ၊ ထောက်ပံ့ပစ္စည်းလက်ခံရေးဌာန၊ နေရာသတ်မှတ်ထားရန်။
၄။ လက်ခံရရှိမှုရိက္ခာများကို စာရင်းဇယားများ ပြုစုထားရှိရန်။
၅။ လက်ခံရရှိသော ရိက္ခာစာရင်းများနှင့် ဖြန့်ဝေမှုများအား ပွင့်လင်းမြင်သာမှုရှိရန် ပြုလုပ်ဆောင်ရွက်ပေး ခြင်း။

**ဘေးကျရောက်စဉ်**

၁။ တခြားအဖွဲ့စည်းများနှင့် ချိတ်ဆက်ပြီးသတင်းအချက်လက်များကိုအချိန်နှင့် တပြေးညီဆောင်ရွက်ခြင်း။
၂။ ပစ္စည်းသိုလှောင်မည့်နေရာအား လုံခြုံရေးဆောင်ရွက်ရန်။
၃။ အရေးပေါ်အသုံးဆောင်ပစ္စည်များအား အချိန်နှင့်တပြေးညီ ဖြန့်ဖြူးပေးရန်။

၄။ အလှူငွေ၊ ထောက်ပံ့ပစ္စည်းလက်ခံရေးဌာန၊ နေရာသတ်မှတ်ထားခြင်း။

**ဘေးကျရောက်ပြီး**

၁။ အလှူငွေရရှိရေး၊ ထောက်ပံ့ပစ္စည်း ရရှိရေးအတွက် နှိုးဆော်ပေးခြင်း ရရှိလာသော အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများအားစနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် ဖြန့်ဝေပေးရန်။

၂။ ပြည်တွင်း၊ ပြည်ပ NGO/INGO အဖွဲ့များနှင့်ဆက်သွယ်ပြီး အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ရရှိရေး ဆောင်ရွက်ရန်။

၃။ ဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများ ထိရောက်စွာရောက်ရှိရန်ကြပ်မတ်ဆောင်ရွက်ပေးရန်။

၄။ သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ငွေကြေးပစ္စည်းစာရင်းရှင်းတမ်းများပြုလုပ် ဆောင်ရွက်ရန်။

၅။ ကျန်ရှိခဲ့သောပစ္စည်းများအား သေချာစွာစိစစ်ပြီး အထက်အရာရှိထံတင်ပြရန်နှင့် သိုလှောင်ရုံများတွင် စနစ်တကျ သိမ်းထားရန်။

# အခန်း(၅)

## သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအစီအမံများ

မောင်တောမြို့နယ်တွင် ဘေးအန္တရာယ်ကျရောက်ပါက ထိခိုက်ဆုံးရှုံးမှု လျော့ပါးသက်သာစေရန် ရည်ရွယ်ချက်ဖြင့်၊ ရှေ့တွင်ဖော်ပြထားသော ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်များကိုအခြေခံကာ မြို့နယ်အတွင်း အဓိက ဦးစားပေးလုပ်ဆောင်ရမည့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်ထားသည်။ ဤလုပ်ငန်းစဉ်များ ဖော်ထုတ်ထားခြင်းကြောင့် မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင် ဌာနဆိုင်ရာများအတွက် လုပ်ငန်းအကောင်အထည်ဖော်ရန် လိုအပ်သော အရင်းအမြစ်များဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်း၊ ဌာနများဦးစားပေးအဆင့်စသည်တို့ကို သိရှိနိုင်မည်ဖြစ်ပြီး၊ မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ဘေးလျော့ပါးရေးအစီအမံများကို ပေါင်းစပ်ထည့်သွင်းစဉ်စားရန် အသုံးဝင်မည်ဖြစ်သည်။ အောက်တွင်လုပ်ဆောင်ရမည့် အစီအမံများကို အသေးစိတ်ဖော်ပြထားသည်။

ဘေးအန္တရာယ်နည်းပါးသက်သာစေရေးအစီအမံများ၊ ကြိုတင်ပြင်ဆင်ရေးအစီအမံများနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အစီအမံများကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ရေးဆွဲရေး အဖွဲ့ဝင်များနှင့် ဆွေးနွေးဖော်ထုတ်ထားသည်။ မောင်တောမြို့နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ချိတ်ဆက်ဖော်ထုတ်ထားခြင်းဖြင့် လိုအပ်သောပေါင်းစပ်ကူညီမှုများ ပြုလုပ်သွားရန်ရည်ရွယ်ပါသည်။

### ၅. ၁ မောင်တောမြို့နယ် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်

| စဉ် | လုပ်ငန်းစဉ် | မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း | ရရှိသည့်အကျိုးကျေးဇူး | လိုအပ်သောအရင်းအမြစ် | မည်သူတို့တာဝန်ယူဆောင်ရွက်မည်နည်း | ကူညီထောက်ပံ့နိုင်သောအဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | အသက်ကယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း | သဘာဝဘေးကျရောက်သည့်နေရာသို့သွားရောက်ဆောင်ရွက်ရန် | သဘာဝဘေးခံစားရသူများ၏အသက်အန္တရာယ်ကာကွယ်နိုင်ရန် | အသက်ကယ်ထောက်ပံ့ပစ္စည်းများ | မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ | လူမှုအဖွဲ့အစည်းများ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ခိုလှုံသည့်နေရာသို့ ပို့ဆောင်ပေးခြင်း | သတ်မှတ်နေရာ | သဘာဝဘေးခံစားရ သူများ၏အသက်အန္တ ရာယ်ကာကွယ်နိုင်ရန် | မော်တော်ကား၊ မော်တော်ဘုတ်၊ သက်ကယ်စက် လှေ | မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနဆိုင်ရာများ | လူမှုအဖွဲ့အစည်းများ | |
| ၃ | စားနပ်ရိက္ခာ၊ ဆေးဝါး၊ သောက် သုံးရေနှင့် အသုံး အဆောင်ပစ္စည်း များစုဆောင်း ထားရှိရန် | သက်ဆိုင်သောဌာနဆိုင် ရာများ၊လူမှုအဖွဲ့အစည်း များ‌ချိတ်ဆက်ပြီး လိုအပ် သောပစ္စည်းများစာရင်းပြု ထားရန် | လျှင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရန် | ပစ္စည်းစာရင်း များ၊ လူအင် အားများ | ကျန်းမာရေးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန၊ သဘာဝ ဘေးအန္တ ရာယ် စီမံခန့်ခွဲရေး ကော်မတီ | လူမှုအဖွဲ့အစည်းများ | |
| ၄ | အရေးပေါ်တုံ့ ပြန်နိုင်ရန်တွက် ဆောင်ရွက်မည့်အ စီအမံများရေးဆွဲ လုပ်ဆောင်ခြင်း | မြို့နယ်သဘာဝဘေးအန္တ ရာယ်စီမံခန့်ခွဲရေးကော်မ တီ | လျှင်မြန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရန် | - | သဘာဝဘေးအန္တ ရာယ်စီမံခန့်ခွဲရေး ကော်မတီ | | |
| ၅ | ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူ ခြင်း | မြို့နယ်သဘာဝဘေးအန္တ ရာယ်စီမံခန့်ခွဲရေး ကော်မ တီများနှင့် စာရင်းကောက် ယူခြင်း | ပျက်စီးဆုံးရှုံးမှုကို သိရှိ နိုင်စေရန်လိုအပ်ချက် များကိုဆောင်ရွက် ပေးနိုင်ရန် | လူ၊ လိုအပ်သော ပစ္စည်း | သက်ဆိုင်ရာဌာန ဆိုင်ရာများ | | |

## ၅.၂ မောင်တောမြို့နယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း | ရရှိသည့်အကျိုးကျေးဇူး | လိုအပ်သောအရင်းအမြစ် | မည်သူတို့တာဝန်ယူဆောင်ရွက်မည်နည်း | ကူညီထောက်ပံ့နိုင်သောအဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ပြည်သူလူထုအားသဘာဝဘေးလျော့ပါးရေးအသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း (မုန်တိုင်းဘေး၊ မြေပြိုဘေး၊ ငလျင်ဘေး) | ရပ်ကွက်၊ ကျေးရွာအလိုက်၊ သဘာဝဘေးလျော့ပါးရေးဆွေးနွေးပွဲများ၊ သင်တန်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသိရှိပြီးထိခိုက်ဆုံးရှုံးမှုများကိုလျော့နည်းလာစေရန် | လူအင်အား၊ နည်းပညာ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဦးစီးဌာန | UN, NGO, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | |
| ၂ | ဇာတ်တိုက်အစမ်းလေ့ကျင့်ခန်းများပြုလုပ်ဆောင်ရွက်ခြင်း | ပြည်သူလူထုများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း | ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသိရှိပြီးထိခိုက်ဆုံးရှုံးမှုများကိုလျော့နည်းလာစေရန် | လူအင်အား၊ နည်းပညာ | မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ UN, NGO | - |
| ၃ | မုန်တိုင်းသတင်းထုတ်ပြန်ခြင်း | ပြည်သူလူထုများသိရှိရန်ဆော်ဩပေးခြင်း | ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသိရှိပြီးထိခိုက်ဆုံးရှုံးမှုများကိုလျော့နည်းလာစေရန် | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန | လူမှုရေးအသင်းအဖွဲ့များ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ခိုလှုံရာနေရာဖော်ထုတ်ခြင်း (ခိုလှုံရာနေရာ သတ်မှတ်ထားရှိမှု) | ပြည်သူလူထုများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ခိုလှုံရာနေရာများအားသိရှိစေရန်ဆောင်ရွက်ခြင်း | ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသိရှိပြီးထိခိုက်ဆုံးရှုံးမှုများကိုလျော့နည်းလာစေရန် | အဆောက်အဦး | ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး | မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့စည်းများ၊ UN, NGO | |
| ၅ | ဒီရေတောစိုက်ပျိုးထိန်းသိမ်းရေးသင်တန်း | သက်ဆိုင်ရာဒေသခံများ | ရေကာ၊ လှိုင်းကာ၊ လေကာ၊ မြေပြိုခြင်းများလျော့နည်းစေရန်အတွက် | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့အစည်း၊ အလှူရှင်များ | |
| ၆ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်း | သက်ဆိုင်ရာဒေသခံများ | ရေကာ၊ လှိုင်းကာ၊ လေကာ၊ မြေပြိုခြင်းများလျော့နည်းစေရန်အတွက် | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့အစည်း၊ အလှူရှင်များ | |
| ၇ | ဒေသခံဆောက်လုပ ရေးလုပ်သားများမွမ်းမံသင်တန်း (သဘာဝဘေးဒဏ်ခံ) | သက်ဆိုင်ရာဒေသခံများ | ပိုမိုကောင်းမွန်သော အဆောက်အဦး (ဘေးဒဏ်ခံ) | နည်းပညာ၊ လူအင်အား | NGOs, မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း | NGO, UN, ပြည်နယ်အစိုးရအဖွဲ့အစည်း၊ အလှူရှင်များ | |

## ၅. ၃ မောင်တောမြို့နယ် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | မည်သို့အကောင်အထည် ဖော်ဆောင်ရွက်မည်နည်း | ရရှိသည့်အကျိုး ကျေးဇူး | လိုအပ်သော အရင်းအမြစ် | မည်သူတို့တာဝန်ယူ ဆောင်ရွက်မည်နည်း | ကူညီထောက်ပံ့နိုင် သောအဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကျောက်ပန္နူအုပ်စု တွင်ဆိုင်ကလုန်းဒဏ် ခံနိုင်သည့်အဆောက် အဦးတည်ဆောက်ရန် | ၁၀၀ပေ×၃၀ပေ (၂ထပ် ဆောင်) | ဆိုင်ကလုန်းဒဏ်ခံ နိုင်ပြီးရေကြီးလာ လျှင် ခိုလှုံနိုင်ရန် လွယ်ကူချောမွေ့ စေပါသည်။ | နည်းပညာ၊ နေရာ၊ စက်ကရိယာ များ၊ ငွေကြေး | မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ ကျေး လက်ဒေသဖွံ့ ဖြိုးရေးဦးစီး ဌာန၊ မြေစာရင်းဦးစီး ဌာန၊ ဆောက်လုပ်ရေး ဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရ အဖွဲ့များ | |
| ၂ | ကပ်ပကောင်းကျေးရွာ အုပ်စုတွင်ဆိုင်ကလုန်း ဒဏ်ခံနိုင်သည့် အဆောက်အဦးတည် ဆောက်ရန် | ၂၀၀ပေ×၆၀ပေ (၂ထပ် ဆောင်) | ဆိုင်ကလုန်းဒဏ်ခံ နိုင်ပြီးရေကြီးလာ လျှင်လည်းခိုလှုံနိုင် ရန်လွယ်ကူချော မွေ့စေပါသည်။ | နည်းပညာ၊ နေရာ၊စက်ကရိ ယာများ၊ငွေ ကြေး | မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ ကျေး လက်ဒေသဖွံ့ ဖြိုးရေးဦးစီး ဌာန၊ မြေစာရင်းဦးစီး ဌာန၊ ဆောက်လုပ်ရေး ဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရ အဖွဲ့များ | ရွက်ညိုးတောင်၊ သရက်အုပ်၊ ခြီပင်၊ စံပယ်ပင်ရင်း၊ ကပ် ပကောင်း၊ ရေမျက် တောင်၊ ငါးခူရ၊ အထက်ဖြူမ၊ အောက်ဖြူမရွာ များအတွက်ခိုလှုံ နိုင်ရန် |
| ၃ | ကြိမ်ချောင်းအုပ်စု (မြေထိန်းနံရံပြုလုပ် ရန်) | မြေထိန်းနံရံ (RC) ၂မိုင် | ဒီရေတိုက်စားခြင်း၊ မြေပြိုခြင်းကာကွယ် နိုင်ရန် | နည်းပညာ၊ နေရာ၊ စက်ကိ ရိယာများ၊ ငွေ ကြေး | မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ ကျေး လက်ဒေသဖွံ့ ဖြိုးရေးဦးစီး ဌာန၊ မြေစာရင်းဦးစီး ဌာန၊ ဆောက်လုပ်ရေး ဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရ အဖွဲ့များ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | အလယ်သံကျော်၊ ခြံပင်၊ ငါးခူရ၊ ရွက်ညိုးတောင်၊ ကျောက်ပန္နူ ဒီရေတောစိုက်ပျိုးခြင်း | ဒီရေတောစိုက်ပျိုး | ရေဒဏ်၊ လေဒဏ်နှင့်ရေတိုက်စားခြင်းမှကာကွယ်နိုင်ရန် | နည်းပညာ၊ နေရာ၊ စက်ကိရိယာများ၊ ငွေကြေး | သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်း ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့များ | |
| ၅ | မောင်တောမြို့ပေါ် | ရေမြောင်းတူးဖော် ခြင်းနှင့်ချောင်းမြောင်းများ၊ ရေလမ်းကြောင်းများဖောက်လုပ်ပေးခြင်း | မြို့ပေါ်ရေလွှမ်းမိုးခြင်းအားကာကွယ်ရန် | နည်းပညာ၊ နေရာ၊ စက်ကိရိယာများ၊ ငွေကြေး | မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြေစာရင်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့များ | |
| ၆ | စမ်းဆမ်းရေသယ်ယူခြင်း၊ မကျည်းကုန်း၊ သာယာကုန်း၊ ရွက်ညိုးတောင်၊ ကပ်ကကောင်း၊ ခြံပြင်၊ စံပယ်ပင်ရင်း၊ အထက်ပြူးမ၊ အောက်ပြူးမ | ရေလှောင်ကန်တည်ဆောက်ရန် (၃၀ပေ ပတ်လည် အမြင့်၁၀ပေ | သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာပါကရေရှားပါးမှုနှင့်ကာကွယ်ရန်(နွေရာသီရေရှားမှုများလျော့နည်းလာစေရန် ) | နည်းပညာ၊ နေရာ၊ စက်ကိရိယာများ၊ ငွေကြေး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့များ | (ရွာတစ်ရွာလျှင်တစ်ကန်နှုန်း) တချို့ရွာများတွင်နွေရာသီတွင်လည်းရေရှားပါးမှုများရှိပါသည်။ |
| ၇ | သုပဏကက | ရေလှောင်ကန်တည်ဆောက်ရန် (၃၀ပေ ပတ်လည် အမြင့်၈ပေ) | သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာပါက ရေရှားပါးမှုနှင့် ကာကွယ်ရန် (နွေရာသီရေရှားမှုများလျော့နည်းလာစေရန် ) | နည်းပညာ၊ နေရာ၊ စက်ကိရိယာများ၊ ငွေကြေး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ ဖြိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရအဖွဲ့များ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | နန်းရာကိုင်းသစ် | ရေလှောင်ကန်တည်ဆောက်ရန် ၃၀ပတ်လည်အမြင့်၆ပေ (နွေရာသီရေရှား) | သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါကရေရှားမှုများအားကာကွယ်ရန် | နည်းပညာ၊ မြေနေရာ၊ စက်ရိယာ များ၊ ငွေကြေး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန | NGO, UN, ပြည်နယ်အစိုးရ အဖွဲ့အစည်း၊ အလှူရှင်များ | |

## အခန်း (၆)

## စီမံချက်ကိုစောင့်ကြည့်စစ်ဆေးခြင်း၊ သုံးသပ်ခြင်းနှင့်ဖြည့်စွက် ပြင်ဆင်ခြင်း

### ၆. ၁ စောင့်ကြည့်စစ်ဆေးခြင်း

မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်သည် အချိန်ကာလအလိုက် ပြုပြင်ပြောင်းလဲရေးဆွဲရသောလုပ်ငန်းစဉ်ဖြစ်သည်။ ပြောင်းလဲနေသော ဖွဲ့စည်းအုပ်ချုပ်မှုယန္တရား၊ အသစ်ထပ်မံဖွဲ့စည်းလိုက်သော ဥပဒေ၊ နည်းဥပဒေမူဘောင်နှင့် မူဝါဒများအနာဂတ်တွင် ကျရောက်နိုင်ခြေရှိသည့် ဘေးန္တရာယ်အမျိုးအစားများအပေါ် မူတည်ပြီးစီမံချက်ကို သက်ဝင်လှုပ်ရှားမှုဖြစ်အောင် ပုံမှန်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်းများ ပြုလုပ်သင့်သည်။ စီမံချက်ကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်နှင့် ဆပ်ကော်မတီဝင်များက ၎င်းတို့သတ်မှတ်ဖော်ထုတ်ထားသည့်အတိုင်း ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိကို သိရှိတိုင်းတာနိုင်ရန် အောက်ဖော်ပြပါ အညွှန်းကိန်းများကို ဖော်ထုတ်ဆွေးနွေးထားရှိပါသည်။

| ကော်မတီဝင်အမည် | အညွှန်းကိန်းများ |
|---|---|
| မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ | ▪ မိုးဦးကာလ၊ မိုးနှောင်းကာလများတွင် ဘေးအန္တရာယ်ကျရောက်မည့် ကာလများဖြစ်သောကြောင့် ပုံမှန်တစ်လတစ်ကြိမ်အစည်းဝေးများ ကျင်းပပြုလုပ် ဆောင်ရွက်ရန်ရှိ/မရှိ။<br>▪ ဘေးအန္တရာယ်ကျရောက်နိုင်သည့်ကာလမတိုင်မီဇာတ်တိုက်လေ့ကျင့်ခန်းများကို လုပ်ဆောင်ရန် ရှိ/မရှိ။ (ပွင့်လင်းရာသီ ၊ မိုးဦးကျ၊ မိုးနှောင်း)<br>▪ ရပ်ရွာလူထုအားလုံးသိရှိနားလည်နိုင်ရေးအတွက် ကျရောက်နိုင်သောဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်သတိပေးချက်စနစ်ကို ဖော်ထုတ်သတ် မှတ်ထားရန်။<br>▪ ခိုလှုံရာနေရာ အဆောက်အဦးများ ဖော်ထုတ်သတ်မှတ်ပြီး ပြည်သူလူထုများအား သိရှိနိုင်ရေးအတွက် လမ်းညွှန်ချက်ပေးရန်။<br>▪ ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်း (UN/INGO,CSOs)နှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။<br>▪ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကိစ္စရပ်များ (ဒီရေတောထိန်းသိမ်းရေး၊ ပြည်သူလူထုအား ဗဟုသုတပေးရန်၊ မြစ်ကမ်းများမပျက်စီးစေနိုင်ရန် လိုအပ်သော လမ်းညွှန်မှုပေးရန်။<br>▪ မြို့နယ်မှအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အထက်ဌာန(ခရိုင်၊ ပြည်နယ်) သို့ တင်ပြရန်နှင့် လိုအပ်သော အကူအညီများရယူရန်။<br>▪ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်များတွင် ဘေးလျော့ပါးရေးအစီအမံများထည့်သွင်းလုပ်ဆောင်ရန်။ |

| | |
|---|---|
| သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီ | ▪ တစ်မြို့နယ်လုံးဆက်သွယ်အသိပေးနိုင်ရေးအတွက်ဖုန်းနံပါတ်များနှင့် အခြားသင့်လျော်မည့်ဆက်သွယ်ရေးနည်းလမ်းများ ပြုလုပ်ထားခြင်းရှိ/မရှိ။<br>▪ ပြည်သူများသို့အချိန်နှင့်တပြေးညီ အသိပေးခြင်းရှိ/မရှိ။<br>▪ သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ထားခြင်းရှိ/မရှိ။<br>▪ Viber group များပြုလုပ်ထားခြင်း။ |
| ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေး ဆပ်ကော်မတီ | ▪ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပေါက်တူး၊ ပေါက်ပြား၊ ချိန်းဆော၊ သက်ကယ်လှေ၊ သက်ကယ်အင်္ကျီ၊ သက်ကယ်ကြိုး၊ သက်ကယ်လှေကား၊ လူနာတင်ယာဉ် ပစ္စည်းများ အဆင်သင့်ရှိ/ မရှိ။<br>▪ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မည့်နေရာ လုံခြုံရေး ကောင်းမွန်မှုရှိ/မရှိ။<br>▪ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန်အသင်းအဖွဲ့အစည်းများဖွဲ့စည်းထားခြင်း။<br>▪ ရှာဖွေကယ်ဆယ်ရေးသင်တန်းများပြုလုပ်ဆောင်ရွက်ခြင်း။ |
| အရေးပေါ်အခြေအနေထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ | ▪ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်ထားရှိမှု ရှိ/မရှိ။<br>▪ ထောက်ပံ့ပို့ဆောင်ရေးယာဉ်များ စီမံထားရှိမှု ရှိ/မရှိ။<br>▪ ထောက်ပံ့ပေးမည့်စားနပ်ရိက္ခာပစ္စည်းများစု ဆောင်းထားရှိမှု ရှိ/မရှိ။<br>▪ ထောက်ပံ့ပေးမည့်ပစ္စည်းပို့ဆောင်ရေးအတွက် လိုအပ်သည့် လမ်းကြောင်း နှင့် ကြာချိန်များ ရွေးချယ်ထားမှု ရှိ/မရှိ။ |
| အရေးပေါ်အခြေအနေရွှေ့ပြောင်းရေးနှင့် နေရာချထားရေးဆပ်ကော်မတီ | ▪ ခိုလှုံမည့်အဆောက်အဦးများ ကြိုတင်စာရင်းကောက်ယူခြင်းနှင့် စနစ်တကျစီမံထားရှိမှု ရှိ/မရှိ။<br>▪ အရေးပေါ်ကာလရွှေ့ပြောင်းမည့်ယာဉ်များ အသင့်ဆောင်ရွက်ထားမှု ရှိ/မရှိ။<br>▪ ခိုလှုံမည့်သူများကို စနစ်တကျစီစဉ်ထား ရှိခြင်းရှိ/မရှိ။ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို)<br>▪ ခိုလှုံမည့်နေရာများမရှိလျှင် နောက်ထပ်ပြောင်းရွှေ့နိုင်မည့် ဘေးကင်းလုံခြုံသောနေရာများအားရှာဖွေဖော်ထုတ်ထားရန် |
| ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ | ▪ အရေးပေါ်ကျန်းမာရေးလုပ်ငန်းစောင့်ရှောက်မှုဆောင်ရွက်နိုင်ရန် မြို့ပေါ်ကျေးရွာအလိုက် အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းထားခြင်း ရှိ/မရှိ။ |

| | |
|---|---|
| | ▪ အရေးပေါ် ဆေးဝါးများ လုံလောက်စွာစုဆောင်းထားခြင်း ရှိ/မရှိ။<br>▪ အရေးပေါ် လူနာတင်ယာဉ်အဆင်သင့်စီစဉ်ထား ခြင်းရှိမှု ရှိ/မရှိ။<br>▪ အရေးပေါ် စောင့်ရှောက်မှုအဖွဲ့အား လိုအပ်သောကျန်းမာရေး သင်တန်းများဖွင့်လှစ်ထားခြင်း။ |
| အလှူငွေထောက်ပံ့ရေးနှင့်ပစ္စည်းလက်ခံရေး ဆပ်ကော်မတီ | ▪ အလှူငွေစာရင်းနှင့်ပစ္စည်းစာရင်းပုံစံကို ကြိုတင်ပြုလုပ်ထား ခြင်းရှိ/မရှိ။<br>▪ တစ်သီးပုဂ္ဂလအလှူငွေနှင့် အဖွဲ့အစည်းများထံမှ လှူဒါန်း ထားသော ပစ္စည်းအမျိုးအစား အလိုက်စာရင်းကို ကြိုတင် ဆောင်ရွက်ထားခြင်း။<br>▪ ဘေးဒုက္ခဖြစ်သည့်နေရာဒေသများတွင်ငွေပစ္စည်းလှူဒါန်း ထောက်ပံ့မှုစာရင်းကို ပြုလုပ်ထားခြင်း ရှိ/မရှိ။<br>▪ ဖြန့်ဝေဆောင်ရွက်ခြင်းနှင့် လက်ကျန်စာရင်း များအား အစီရင်ခံစာတင်ပြဆောင်ရွက်ခြင်း။ |
| ပျက်စီးဆုံးရှုံးမှုစာရင်းဇယားကောက်ယူရေး နှင့် အတည်ပြုရေးဆပ်ကော်မတီ | ▪ သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စာရင်းကောက်ယူ ထားခြင်းရှိ/မရှိ (လူ၊ တိရစ္ဆာန်၊ အဆောက်အဦး၊ စိုက်ပျိုး မြေ၊ စက်ပစ္စည်း၊ တာတမံ၊ ဆည်မြောင်း၊ လမ်း၊ တံတား။<br>▪ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဒေသများသို့ သွားရောက်ပြီး တိကျသော ပျက်စီးဆုံးရှုံးမှုစာရင်းကောက် ယူဆောင်ရွက်ထားရှိခြင်း။<br>▪ စာရင်းကောက်ယူရန်အတွက် ဖြည့်စွက်ပုံစံ များကြို တင်ပြုစုထားခြင်း ရှိ/မရှိ။<br>▪ လိုအပ်သော ဖုန်းနံပါတ်များပြုစုထားရှိခြင်း။ |
| ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ | ▪ လုံလောက်သောရံပုံငွေများ လျာထားမှု ရှိ/မရှိ။<br>▪ ဘေးကျရောက်ပါက သင့်တော်သော ခိုလှုံရာနေရာအဖြစ် ရွေးချယ်ဆောင်ရွက် ထားရှိခြင်းရှိ၊ မရှိ။<br>▪ ပြန်လည်တည်ဆောက်ရာတွင် ဆောက်လုပ်ပြီးနေအိမ် အဆောက်အအုံများ ဆောက်ခိုင်ခံ့မှု ရှိ/မရှိ။ |

## ၆.၂ စီမံချက်ပြန်လည်သုံးသပ်ခြင်းနှင့်ဖြည့်စွက်ပြင်ဆင်ခြင်း

မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်၏ ထိရောက်စွာ လုပ်ဆောင်ခြင်းရှိ/မရှိကို ပြန်လည် ဆန်းစစ်ရန် လိုအပ်ပါသည်။ ထို့သို့စီမံချက်အား ပြန်လည်ဆန်းစစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) စီမံချက်ပါလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်နိုင်မှု

(ခ) လူအင်အားအပါအဝင် အခြားသော အရင်းအမြစ်များ လုံလောက်မှု

(ဂ) ကော်မတီနှင့် (ဆပ်)ကော်မတီများကြား ပူးပေါင်းဆောင်ရွက်နိုင်မှု

(ဃ) ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုစသည်တို့ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

ဤသို့ ပြန်လည်ဆန်းစစ်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ စီမံချက်အကောင်အထည် ဖော်နိုင်မှု အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးတို့၏ ဆွေးနွေးပွဲများပြုလုပ် ခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပြန်လည်ဆန်းစစ်ရာတွင် အောက်ပါ လိုအပ်ချက်များ တွေ့ရှိပါက စီမံချက်အား ပြင်ဆင်ရမည်ဖြစ်ပါသည်။

(က) ဖွဲ့စည်းပုံပြောင်းလဲခြင်း။

(ခ) သတင်းပို့ခြင်း၊ သတင်းလက်ခံခြင်းစသည်တို့ ကောင်းစွာမလုပ်ဆောင်နိုင်ခြင်း။

(ဂ) ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ပြီးနောက် တွေ့ရှိလာသည့် အားနည်းချက်များ။

(ဃ) လူအင်အားအပါအဝင် အခြားသောအရင်းအမြစ်များ၏ စာရင်းဇယားများကိုပြောင်းလဲခြင်း။

(င) ပြည်ထောင်စုတိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အသစ်များ ရရှိခြင်းတို့ ဖြစ်ပါသည်။ မြို့နယ် သဘာ ဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်ခန့် ပြန်လည်သုံးသပ်၍ လိုအပ်ချက် များတွေ့ရှိပါက ဖြည့်စွက်ပြင်ဆင်ရမည် ဖြစ်ပါသည်။

## ၆. ၂. ၁ စီမံချက်ကိုအကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်မည့် အဟန့်အတားများ

မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင်များ၏ ဆွေးနွေးမှုအရ အောက်ဖော်ပြပါ အဟန့်အတားနှင့် စိန်ခေါ်မှုများကြောင့် စီမံချက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်မှုများရှိနိုင်သည်ကို ဆွေး နွေးခဲ့ပါသည်။

၁) ဘေးအန္တရာယ် ကျရောက်ပါက အဓိက စီမံအုပ်ချုပ်မှုပေးနိုင်သော၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်း ဆောင်ရည်မြင့်တင်ခြင်းသင်တန်း တက်ရောက်ပြီးသော မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဝင်များမှာ တာဝန်ထမ်းဆောင်မှုအရ အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ ပင်မဌာန၏ တာဝန်နှင့်ဝတ္တရားများကို အဓိကထားလုပ်ဆောင်ပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းအတွက် လုံလောက်သော ဝန်ထမ်းအင် အားမရှိခြင်းစသည့် ကန့်သတ်မှုများရှိခြင်း။

၂) ကယ်ဆယ်ရေးလုပ်သားများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ပံ့ပိုးမှုများ (ကယ်ဆယ် ရေးသုံးပစ္စည်း၊ အရေးပေါ် ဆက်သွယ်ရေးသုံးပစ္စည်းနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းသုံးပစ္စည်းများ (မော်တော်ဘုတ်၊ စက်လှေ၊ စက်သုံးဆီ) တွင် ကန့်သတ်မှု၊ လိုအပ်မှုများ ရှိနေခြင်း။

၃) တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်တွင် ရိက္ခာနှင့် ကယ်ဆယ်ရေးသုံးပစ္စည်း သိုလှောင်ရုံများလိုအပ်ခြင်း။

၄) ရပ်ရွာလူထုအသိပညာပေးရေးလုပ်ငန်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ကြိုတင်သတိပေးချက်များ ထိရောက် စွာဖြန့်ဖြူးနိုင်ရန် (ဆက်သွယ်ရေးသုံးပစ္စည်းများ) ငွေကြေးလျာထားချက်နှင့် ပံ့ပိုးမှုများလိုအပ်ခြင်း။

၅) ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ ပင်လယ်နှင့်ထိစပ်ခြင်း၊ မြစ်ချောင်းများပေါများခြင်းကြောင့် ဆိုင်ကလုန်းမုန်တိုင်းအပြင်၊ မုန်တိုင်းဒီရေလှိုင်းများပါဝင်ရောက်ခြင်း၊ ရေလမ်းခရီးကိုသာ အဓိကထား သွားလာမှုပြုရခြင်းကြောင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေးနှင့် ခိုလှုံရာနေရာများ (ဆိုင်ကလုန်းဒဏ်ခံနိုင် သည့် အဆောက်အဦးနှင့် ဘေးလျော့ပါးရေးဆိုင်ရာ အခြေခံအဆောက် အဦးများလိုအပ်ခြင်း။)

၆) စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ခြင်းကြောင့် ဘေးကျရောက်ပြီးကာလ စပါးစိုက်ခင်းများ လျင်မြန်စွာစိုက်ပျိုးနိုင်ရန် မျိုးစပါးများ သိုလှောင်ထားရန်လိုအပ်ခြင်း၊ ကမ်းပါးပြိုခြင်းဘေး လျော့နည်းစေရန် ဒီရေတောစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်လာရန် စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း စသည်တို့ကို ပြုလုပ်ရန်လိုအပ်ကြောင်း တွေ့ရသည်။

## ၆. ၃ နိဂုံး

မောင်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးဟူ၍ ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အများစုမှာ ဘေးအမျိုးမျိုးတို့ အန္တရာယ်များ ကျရောက်နိုင်သောကြောင့် စီမံချက်ကို မြို့နယ်အတွင်း ကျရောက်နိုင်ခြေများသော ဘေးအမျိုးအစားအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရန်နည်းလမ်းများ ပါရှိပါသည်။

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို အစိုးရဦးစီးဌာနအားလုံးနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့် အခြားသောအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။ စီမံချက်ကိုသက်ဝင်လှုပ်ရှားမှုရှိစေရန် လက်တွေ့အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဆပ်ကော်မတီအသီးသီးတို့နှင့် အကျိုးတူအားလုံးပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆပ်ကော်မတီအလိုက် ပုံမှန်အစည်းဝေးများပြုလုပ်ခြင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝ၏ ဘေးအန္တရာယ်ဆိုင်ရာ စည်းမျဉ်း၊ နည်းဥပဒေများနှင့် မြို့နယ်အတွင်း လိုအပ်ချက်များအပေါ်မူတည်၍ ပိုမိုပြည့်စုံကောင်းမွန်သော စီမံချက်များကို ရေးဆွဲခြင်းဖြင့် မောင်တောမြို့နယ်နေ ပြည်သူများသည် သဘာဝဘေးအန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိပြီး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခုဖြစ်လာ နိုင်မည်ဖြစ်ပါသည်။

## နောက်ဆက်တွဲ

### နောက်ဆက်တွဲ (၁) မောင်တောမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရေးမှူး/ ခေတ္တအုပ်ချုပ်ရေးမှူးများအမည်၊  ဆက်သွယ်ရမည့်ဖုန်းနံပါတ်များစာရင်း

| စဉ် | ရပ်ကျေးအမည် | တိုင်းရင်းသားသီးသန့်/<br>ရောနှော/ဘင်္ဂါလီသီးသန့် | အုပ်ချုပ်ရေးမှူး/<br>ခေတ္တအုပ်ချုပ်ရေးမှူးအမည် | ဆက်သွယ်ရမည် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ခြံပြင်အုပ်စု | တိုင်းရင်းသားသီးသန့် | ဦးကျော်မင်းသန်း | ၀၉၄၉၄၃၅၇၅၀ | |
| ၂ | အောင်ဇေယျအုပ်စု | တိုင်းရင်းသားသီးသန့် | ဦးမောင်မြထွန်း | ၀၉၂၆၄၆၀၃၆၇၀ | |
| ၃ | မြို့သစ်အုပ်စု | တိုင်းရင်းသားသီးသန့် | ဦးဘတင် | ၀၉၄၉၆၆၂၁၄၂<br>၀၉၄၉၆၅၈၂၈၆ | |
| ၄ | မြို့မအနောက်ရပ်ကွက် | ရောနှော | ဦးမောင်ဒိုင်းချေ | ၀၉၂၆၃၇၁၉၄၂၁ | |
| ၅ | မြို့မအရှေ့ရပ်ကွက် | ရောနှော | ဦးညိုထွန်း | ၀၉၄၂၁၇၃၂၆၉၁ | |
| ၆ | မြို့မမြောက်ရပ်ကွက် | ရောနှော | ဦးတင်အောင် | ၀၉၄၂၁၇၂၃၈၅၅ | |
| ၇ | ၄-မိုင်ရပ်ကွက် | ရောနှော | ဦးမောင်လှကျော် | ၀၉၄၉၆၅၈၂၉၅<br>၀၉၄၂၁၇၃၂၉၂၆ | |
| ၈ | မြို့သူကြီးကျေးရွာအုပ်စု | ရောနှော | ဦးမဲသံလုံး | ၀၉၂၆၁၂၈၆၈၃၃ | |
| ၉ | နွားရုံတောင်ကျေးရွာအုပ်စု | ရောနှော | ဦးသိန်းမြအောင် | ၀၉၄၂၁၇၆၂၀၉၈ | |
| ၁၀ | ကျီးကန်းပြင်ကျေးရွာအုပ်စု | ရောနှော | ဦးဇော်ဖြိုးထွန်း | ၀၉၄၅၀၃၆၆၈၂၈ | |
| ၁၁ | မောင်နှမအုပ်စု | ရောနှော | ဦးကျော်ကျော်ဦး | ၀၉၂၆၀၇၈၂၃၉၆ | |
| ၁၂ | ရှွေဇားအုပ်စု | ရောနှော | ဦးစိုးဝင်းချေ | ၀၉၂၅၂၄၅၈၉၅၇<br>၀၉၂၅၃၄၈၄၁၆၁ | |
| ၁၃ | သရက်အုပ်အုပ်စု | ရောနှော | ဦးထွန်းအေးမောင် | ၀၀၃၃၆၂၃၆၃၁ | |
| ၁၄ | ရွက်ညိုတောင်အုပ်စု | ရောနှော | ဦးညီညီ | ၀၉၃၆၈၅၇၉၄၇<br>၀၉၃၆၄၈၉၉၃၂ | |
| ၁၅ | ကပ္ပကောင်းအုပ်စု | ရောနှော | ဦးမောင်သန်း | ၀၉၄၅၀၇၇၇၉ | |

| | | | | | |
|---|---|---|---|---|---|
| ၁၆ | ငါးခူရအုပ်စု | ရောနှော | ဦးဂျော်ဂျီအောင် | ၀၉၄၉၆၇၆၉၄၀ | |
| ၁၇ | အထက်ပြူးမအုပ်စု | ရောနှော | ဦးမောင်ထွန်းလှိုင် | ၀၉၂၆၄၆၀၄၅၁၁ | |
| ၁၈ | ပြူးမကညင်တန်းအုပ်စု | ရောနှော | ဦးဘသန်း | ၀၉၂၅၃၅၆၇၇၁၂ | |
| ၁၉ | ဇားဝပ်ချောင်းအုပ်စု | ရောနှော | ဦးထွန်းထွန်းဝင်း | ၀၉၄၉၆၄၁၂၈၆ | |
| ၂၀ | ရေမျက်တောင်အုပ်စု | ရောနှော | ဦးမြအောင်ကျော် | ၀၉၂၆၁၅၄၅၁၆၅ | |
| ၂၁ | လောင်းဒုံအုပ်စု | ရောနှော | ဦးမောင်ရဲကျော် | ၀၉၄၅၁၂၁၃၆၃၁ | |
| ၂၂ | စံကားပင်ရင်းအုပ်စု | ရောနှော | ဦးအိမ်စိုးမောင် | ၀၉၂၅၃၁၂၉၀၈၅<br>၀၉၂၅၁၁၄၀၈၇၇ | |
| ၂၃ | ကြိမ်ချောင်းအုပ်စု | ရောနှော | ဦးကိုကိုအောင် | ၀၉၂၅၀၇၆၆၉၈၁<br>၀၉၂၅၀၈၈၄၃၂၇ | |
| ၂၄ | ရန်အောင်မြင်အုပ်စု | ရောနှော | ဦးသိန်းနိုင်ဝင်း | ၀၉၂၅၂၅၄၉၈၃၆ | |
| ၂၅ | မင်းကြီးအုပ်စု | ရောနှော | ဦးလှထွန်း | ၀၉၂၆၄၂၈၂၄၇၅ | |
| ၂၆ | ပဒကားရွာသစ်အုပ်စု | ရောနှော | ဦးမောင်လှ | ၀၉၂၅၃၁၂၉၁၇၂ | |
| ၂၇ | ဝက်ကျိန်းအုပ်စု | ရောနှော | ဦးထွန်းပုံ | ၀၉၄၅၄၂၉၅၅၁၀ | |
| ၂၈ | နတ်ချောင်းအုပ်စု | ရောနှော | ဦးဝင်းဘို | ၀၉၄၅၄၂၉၀၂၁၆ | |
| ၂၉ | ရေနောက်ငါးသားအုပ်စု | ရောနှော | ဦးမောင်မြ | ၀၉၂၅၀၇၆၆၈၂၅ | |
| ၃၀ | တမန်းသားအုပ်စု | ရောနှော | ဦးသိန်းညွန့် | ၀၉၂၆၄၉၄၃၅၀၄ | |
| ၃၁ | နန်းရာကိုင်းအုပ်စု | ရောနှော | ဦးကိန်းအောင် | ၀၉၂၄၅၁၂၃၂၈၀ | |
| ၃၂ | သစ်တုံးနားခွဆုံအုပ်စု | ရောနှော | ဦးတင်အောင် | ၀၉၄၅၁၃၂၃၈၂၀ | |
| ၃၃ | သက်ကိုင်ညှာအုပ်စု | ရောနှော | ဦးထွန်းစိန် | ၀၉၄၉၂၂၃၇၇၉<br>၀၉၂၆၄၇၈၀၀၁၈ | |
| ၃၄ | အောင်ဇံအုပ်စု | ရောနှော | ဦးအောင်ကျော်စိန် | ၀၉၂၆၀၄၃၉၄၈၁ | |
| ၃၅ | ကြောင်နဖေအုပ်စု | ရောနှော | ဦးမိုးအိမ် | ၀၉၂၆၃၃၅၉၁၁ | |
| ၃၆ | ရဲအောင်စံရဖွေအုပ်စု | ရောနှော | ဦးဇော်ဝင်းအောင် | ၀၉၂၆၀၂၆၅၀၂၈ | |
| ၃၇ | ကာလာဒေးဖက်အုပ်စု | ရောနှော | ဦးသိန်းရွှေဦး | ၀၉၂၆၀၇၃၈၀၂၈ | |

| | | | | | |
|---|---|---|---|---|---|
| ၃၈ | တပ်ချောင်းအုပ်စု | ရောနှော | ဦးအောင်လှိုင် | ၀၉၂၅၃၁၂၈၉၉၄ | စာရေးဖွန်း |
| ၃၉ | အင်ဒူလာအုပ်စု | ရောနှော | ဦးမောင်ဘစိန် | ၀၉၂၆၂၄၅၃၈၇၅ | |
| ၄၀ | ညောင်ချောင်းအုပ်စု | ရောနှော | ဦးအောင်ထွန်းလှ | ၀၉၂၅၂၀၅၆၆၉၆<br>၀၉၄၉၆၄၂၀၉၂ | |
| ၄၁ | တပ်ဦးချောင်းအုပ်စု | ရောနှော | ဦးမောင်ဘထွန်း | ၀၉၂၆၃၃၅၅၂၃၇<br>၀၉၄၅၀၅၆၃၁၂၃ | |
| ၄၂ | ဒုချီးယားတန်းအုပ်စု | ရောနှော | ဦးစောမောင် | ၀၉၄၅၃၅၅၁၅၈၉ | |
| ၄၃ | ဂေါ်ဒူသာရအုပ်စု | ရောနှော | ဦးတင်အောင် | ၀၉၄၅၀၆၄၃၇၀၀ | |
| ၄၄ | ဝါးချအုပ်စု | ရောနှော | ဦးမောင်မောင်သိန်း | ၀၉၄၉၀၀၃၂၆၄ | |
| ၄၅ | ဇော်မတက်အုပ်စု | ရောနှော | ဦးမောင်သန်းချို | ၀၉၄၅၃၉၀၄၈၁၂ | |
| ၄၆ | ဦးဒေါင်းအုပ်စု | ရောနှော | ဦးဦးတင်မောင် | ၀၉၄၉၆၄၀၄၈၇<br>၀၉၄၅၀၅၅၈၃၃၄ | |
| ၄၇ | ကျောက်ပန္နျုအုပ်စု | ရောနှော | ဦးမောင်သိန်းအောင် | ၀၉၂၆၄၆၀၇၅၀၇ | |
| ၄၈ | အင်းဒင်အုပ်စု | ရောနှော | ဦးမောင်သိန်းချေ | ၀၉၃၃၆၂၃၃၇၄<br>၀၉၄၅၀၈၆၉၀၇၉<br>၀၉၄၅၀၅၅၈၃၅၇ | |
| ၄၉ | အလယ်သံကျော်အုပ်စု | ရောနှော | ဦးတင်လှ | ၀၉၈၅၂၀၁၉၈<br>၀၉၄၅၀၆၈၃၁၆၂ | |
| ၅၀ | တောင်ပြိုရပ်ကွက် (၁) | ရောနှော | ဦးတင်မိုးထွန်း | ၀၉၂၅၁၀၂၀၆၂၃ | |
| ၅၁ | တောင်ပြိုရပ်ကွက် (၂) | ရောနှော | ဦးကျော်ဇံလှ | ၀၉၂၆၄၈၇၁၁၆၆ | |
| ၅၂ | တောင်ပြိုရပ်ကွက် (၃) | ရောနှော | ဦးမောင်သန်းချေ | ၀၉၂၆၄၃၉၀၉၂၈ | |
| ၅၃ | တောင်ပြိုရပ်ကွက် (၄) | ရောနှော | ဦးအောင်ဇော်လတ် | | |
| ၅၄ | မီးတိုက်အုပ်စု | ရောနှော | ဦးမောင်သာထွန်း | ၀၉၂၆၇၃၉၆၆၃၁ | |
| ၅၅ | သဲချောင်းအုပ်စု | ရောနှော | ဦးမောင်စိန်ထွန်း | ၀၉၂၆၄၇၈၆၀၃၈ | |
| ၅၆ | ကွမ်းသီးပင်အုပ်စု | ရောနှော | ဦးအထွန်းချေ | ၀၉၂၅၂၆၆၉၂၉၇ | |

| | | | | | |
|---|---|---|---|---|---|
| ၅၇ | မြို့မတောင်ရပ်ကွက် | ဘင်္ဂလီသီးသန့် | အီဆုပ် | ၀၉၄၂၁၇၂၃၉၀၆ | |
| ၅၈ | ရွာသစ်ကေရပ်ကွက် | ဘင်္ဂလီသီးသန့် | အဘူဖွေယာစ် | ၀၉၄၅၀၅၄၂၁၅၈ | |
| ၅၉ | ကညင်တန်း(မြို့မ)အုပ်စု | ဘင်္ဂလီသီးသန့် | အဒူရာမာန် | ၀၉၄၂၁၇၂၃၅၇၁ | |
| ၆၀ | မြို့ဦးကျေးရွာအုပ်စု | ဘင်္ဂလီသီးသန့် | ဟာဗ်ကူရာမာန် | ၀၉၄၂၁၇၂၃၉၂၀ | |
| ၆၁ | သီဟိုဋ္ဌကျွန်းအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်အီနုစ် | ၀၉၂၅၀၄၅၃၇၁၀ | |
| ၆၂ | ဇင်ပိုင်ညာအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ရီယာစ် | ၀၉၄၅၀၆၈၁၈၂၈ | |
| ၆၃ | ကျောက်လှေကားအုပ်စု | ဘင်္ဂလီသီးသန့် | နူရ်အာမိန် | ၀၉၃၁၉၈၀၂၀၅<br>၀၉၂၆၄၆၁၅၆၀၇ | |
| ၆၄ | ပေါင်းဇားအုပ်စု | ဘင်္ဂလီသီးသန့် | နော်ဇူဟူဆောင်း | ၀၉၃၃၆၂၂၇၄၆ | |
| ၆၅ | ကညင်တောအုပ်စု | ဘင်္ဂလီသီးသန့် | အဘူကာဆိန်း | ၀၉၃၃၆၂၃၃၃၆ | |
| ၆၆ | လှဖိုးခေါင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဆွေတာမိန် | ၀၉၄၉၆၄၁၉၀၈ | |
| ၆၇ | မင်္ဂလာကြီးအုပ်စု | ဘင်္ဂလီသီးသန့် | မောင်မောင်တင် | ၀၉၃၂၆၀၈၉၆၂<br>၀၉၃၀၅၈၆၁၄၂ | |
| ၆၈ | သင်္ကေပြင်အုပ်စု | ဘင်္ဂလီသီးသန့် | အာမတ်ဟူဆိန်း | ၀၉၄၉၆၇၆၃၅၀ | |
| ၆၉ | ငန်းချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ကာလတ်(ခ)မောင်ဝင်းဌေး | ၀၉၄၉၆၅၈၂၀၃ | |
| ၇၀ | ရေခပ်ချောင်းခွဆုံအုပ်စု | ဘင်္ဂလီသီးသန့် | အဒူဘာကမ် | ၀၉၄၉၆၆၀၆၀၆ | |
| ၇၁ | ကျောက်ပြင်ဆိပ်အုပ်စု | ဘင်္ဂလီသီးသန့် | ဟာလေအာမတ် | ၀၉၂၆၄၉၁၁၀၄၉ | |
| ၇၂ | ကျားခေါင်းတောင်အုပ်စု | ဘင်္ဂလီသီးသန့် | နော်ဇီမူလ္လာ | ၀၉၂၆၄၉၇၅၉၉၄ | |
| ၇၃ | ပွင့်ဖြူချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | နူရ်ဟာရှိမ်း | ၀၉၂၅၃၁၃၈၅၂၃ | |
| ၇၄ | ရေတွင်းကျွန်းအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ဖွေယာစ် | ၀၉၃၂၈၅၅၉၀၃ | |
| ၇၅ | ကြက်ရိုးပြင်အုပ်စု | ဘင်္ဂလီသီးသန့် | အဒူဂေါ်ရှုံး(ခ)မောင်မောင်ကြီး | ၀၉၄၄၀၄၉၈၉၁၃ | |
| ၇၆ | ငါးစားကြူးအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ဆော်လိမ် | ၀၉၄၅၀၅၆၂၁၆၁<br>၀၉၂၅၉၉၁၀၃၆၈<br>၀၉၄၉၆၅၃၆၂၅ | |
| ၇၇ | ဒိုးတန်းအုပ်စု | ဘင်္ဂလီသီးသန့် | ဆူတန်ဟာကိန်း | ၀၉၂၆၂၄၄၅၈၀၃ | |

| | | | | | |
|---|---|---|---|---|---|
| ၇၈ | စပ္ပါယ်ကုံးအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်အိနုစ် | ၀၉၂၅၅၈၉၂၂၉၆ | |
| ၇၉ | ဦးရှည့်ကျအုပ်စု | ဘင်္ဂလီသီးသန့် | အာမိရ်ဟာကိန်း | ၀၉၃၃၆၂၃၄၂၁ | |
| ၈၀ | သူဦးလာအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ရှော်ဖိတ် | ၀၉၃၀၇၃၆၆၀၁ | |
| ၈၁ | ဒါးကြီးစားအုပ်စု | ဘင်္ဂလီသီးသန့် | အုစ်မာန် | ၀၉၃၁၉၈၀၂၁၉ | |
| ၈၂ | မြောတောင်အုပ်စု | ဘင်္ဂလီသီးသန့် | အာယုခါန် | ၀၉၄၉၆၅၈၁၈၂<br>၀၉၂၅၂၁၈၄၆၅၆ | |
| ၈၃ | မြို့မိချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဆာလာအာမတ် | ၀၉၂၆၄၂၈၂၄၈၄ | |
| ၈၄ | မြောချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဇာဖောရ်အာလောင် | ၀၉၂၅၀၇၆၆၀၅<br>၀၉၂၆၄၃၉၅၈၃၈ | |
| ၈၅ | ငါးရန့်ချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဇာဖောရ်အာလောင် | ၀၉၂၅၃၁၃၈၅၀၃ | |
| ၈၆ | လှိုင်သီအုပ်စု | ဘင်္ဂလီသီးသန့် | ရှော်ဘီအူဘော်ရှော့ | ၀၉၂၆၅၂၆၈၇၆၅ | |
| ၈၇ | ပန်းတောပြင်အုပ်စု | ဘင်္ဂလီသီးသန့် | အာယာတူလ္လာ | ၀၉၄၂၁၇၂၃၅၇၀ | |
| ၈၈ | ပဒင်အုပ်စု | ဘင်္ဂလီသီးသန့် | မာမောက်ရှော်ဖိတ် | ၀၉၄၉၇၀၆၇၈၄ | |
| ၈၉ | ဒုညောင်ပင်ကြီးအုပ်စု | ဘင်္ဂလီသီးသန့် | မူဟာမတ်ဇူဟိုက် | ၀၉၃၆၉၃၈၈၆၀<br>၀၉၃၀၇၇၄၆၀၂ | |
| ၉၀ | ပညောင်ပင်ကြီးအုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ရှော်ရိန် | ၀၉၂၆၂၄၄၅၆၉၅ | |
| ၉၁ | သရေကုန်တန်းအုပ်စု | ဘင်္ဂလီသီးသန့် | ဖိုင်ဆဲလ် | ၀၉၃၂၅၇၇၁၀၆ | |
| ၉၂ | သံဒါအုပ်စု | ဘင်္ဂလီသီးသန့် | အဘူကာဆိန်း | ၀၉၂၆၂၃၆၇၆၅၆ | |
| ၉၃ | အုန်းတောအုပ်စု | ဘင်္ဂလီသီးသန့် | အဒူလ္လာ | ၀၉၂၅၈၆၇၆၉၃၆ | |
| ၉၄ | ကံပူးအုပ်စု | ဘင်္ဂလီသီးသန့် | ဆွေယော့အာလောမ် | ၀၉၂၆၄၂၉၀၅၅၀<br>၀၉၂၅၂၀၄၉၃၇၄ | |
| ၉၅ | ကညင်တန်းအုပ်စု | ဘင်္ဂလီသီးသန့် | အီပြာဟိမ်း | ၀၉၂၆၄၉၀၃၇၀၈ | |
| ၉၆ | ကျောင်းတောင်အုပ်စု | ဘင်္ဂလီသီးသန့် | အဒူရော်ဟိမ်း | ၀၉၄၉၆၄၂၁၄၉<br>၀၉၄၅၀၆၈၁၆၇၈ | |
| ၉၇ | သဘော်ကွေ့အုပ်စု | ဘင်္ဂလီသီးသန့် | မာမတ်ဟာရဲစ် | ၀၉၄၅၀၃၆၆၈၁၆ | |

| | | | | | |
|---|---|---|---|---|---|
| | | | | ၀၉၄၅၃၅၄၆၁၂၈ | |
| ၉၈ | သပြေတောအုပ်စု | ဘင်္ဂလီသီးသန့် | ရော်ဘီအာမတ် | ၀၉၂၆၃၃၂၁၄၁၄ | |
| ၉၉ | သဝင်ချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဆော်လီမူလ္လာ | ၀၉၄၅၂၂၂၄၇၄၀ | |
| ၁၀၀ | ဇီးပင်ချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ဆွေယော့နူရ် | ၀၉၂၆၃၉၇၇၇၇၆ | |
| ၁၀၁ | ကျောက်ချောင်းအုပ်စု | ဘင်္ဂလီသီးသန့် | ကာမာဟူဆိန်း | ၀၉၂၆၃၃၄၆၁၂၇ | |
